# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၀၂၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်ဆက်လက်လက်ခံ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး ပြည်သူ့ဆေးရုံအား ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သီပေါမြို့ အခြေခံပညာကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၂၃

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေးစသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရန် အတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ



### ကမ္ဘာ့ရာသီဥတုပြောင်းလဲဖြစ်စဉ်နှင့် မြန်မာ့ကော်ဖီ

ဆောင်းပါး စာ ၆

### မွန်ဂိုလီးယားနိုင်ငံ၏ နယ်မြေ ၅၀ ရာခိုင်နှုန်းခန့် နှင်းများ ဖုံးလွှမ်းနေ

နိုင်ငံတကာသတင်း စာ ၁၄



## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ တိုက်ရိုက် (Live) ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၃

(၆၂) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းတို့သည် အောက်တိုဘာ ၂၄ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော်ဇေယျာသီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃နာရီ ၂၅ မိနစ်မှစတင်၍ MWD HD Channel၊ MWD Variety Channel၊ MWD Education, Knowledge & Sports Channel၊ MRTV HD Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

## မူလအလုပ်အကိုင်၊ လုပ်ငန်းနေရာများအလိုက် ပြန်လည်ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်



**နေပြည်တော် အောက်တိုဘာ ၂၃**

စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကား ပြောကြားသည်။ (ယာပုံ)

အစည်းအဝေးသို့ စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေါင်းစပ်ပြီးဆောင်ရွက်လျက်ရှိ**

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ တာဝန်ထမ်းဆောင်ပြီးချိန်တွင် အလုပ်အကိုင်ရရှိရေးအတွက်ဖြစ်ကြောင်း၊ စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်သူများဆိုသည်မှာ တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တရားဝင်နုတ်ထွက်ခွင့်ရရှိခဲ့ကြသည့် ကြည်း၊ ရေ၊ လေ တပ်မတော်သားများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ တပ်မတော်တွင် သတ်မှတ်ချက်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများဖြစ်ပါကြောင်း၊ အမြဲတမ်းစစ်မှုထမ်းများအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကွပ်ကဲမှုအောက် ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ယခုဤကော်မတီဖွဲ့စည်းပြီး နောက်ပိုင်းတွင်လည်း ပေါင်းစပ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် လုပ်ငန်းတာဝန် ၈ ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လုပ်ငန်းကော်မတီ ၅ ခုကို ဖွဲ့စည်းထားရှိပြီး ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ကော်မတီ၏ လုပ်ငန်းတာဝန်ပါအချက်များနှင့်အညီ စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး ပြန်လည်နေရာချထားမှုခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများကို အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စက်မှု၊ လက်မှုအတတ်ပညာများကို အဆင့်မီစွာ တတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးရေး၊ သင်တန်းတက်ရောက်အောင်မြင်ပြီးသူများကို အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းမှ အသိအမှတ်ပြုလက်မှတ် (Certificate of Recognition) ထုတ်ပေးရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းအမျိုးအစားအလိုက် အသိအမှတ်ပြုလက်မှတ်များကို အစိုးရဌာန၊ ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းများမှ အသိအမှတ်ပြု၍ အလုပ်နေရာခန့်ထား ဆောင်ရွက်ပေးရေး၊ ပြန်လည်နေရာချထားမှုခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများအား အလုပ်သမားဝန်ကြီးဌာနမှ ပြည်တွင်းအလုပ်သမားကတ် (Labour Card) ပြုလုပ်ထုတ်ပေးခြင်းနှင့် ပြည်ပအလုပ်အကိုင်ရရှိရန် ပြည်ပအလုပ်သမားကတ် (OWIC– Overseas Worker Identification Card) ထုတ်ပေးခြင်း၊ Agency များနှင့်ဆက်သွယ်၍ အလုပ်အကိုင်ရှာဖွေပေးခြင်းများကို အလုပ်သမားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသော ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတာဝန် မထမ်းဆောင်မီ ၎င်းတို့တာဝန်ထမ်းဆောင်ခဲ့သော အစိုးရဌာန၊ ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းနှင့် အဖွဲ့အစည်းများတွင် မူလအလုပ်အကိုင်၊ လုပ်ငန်းနေရာများအလိုက် ပြန်လည်ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ကော်မတီဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ပြည်သူ့ဆေးရုံအား ပြန်လည်ဖွင့်လှစ်၍ ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၃**

ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ကျောက်မဲခရိုင်သီပေါမြို့ ပြည်သူ့ဆေးရုံကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပြီး သီပေါမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ကုသရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။



သီပေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် သီပေါမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့် ဆောင်ရွက်ရန်အတွက် အမီလိုက်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း၊ အသက်(၁၅) နှစ်အောက်ကလေးများအား အထူးအစီအစဉ် (Special Immunization Activities) ဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးပေးခြင်း လုပ်ငန်းများကို ကလေးတိုင်းဆီသို့ ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သီပေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် ကျောင်းနေအရွယ် အသက်(၁၅)နှစ်အောက်ကလေးငယ် ၃၅၀ ကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ ပြန်လည်အားဖြည့် ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် အဆင့်မြင့်စက်သုံးဆီများ ထုတ်လုပ်သည့် စက်ရုံနှင့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်စက်ရုံများ ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၃

**မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဟူကျိုးမြို့ရှိ အဆင့်မြင့် စက်သုံးဆီများ ထုတ်လုပ်သည့် စက်ရုံနှင့်ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်စက်ရုံများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။** (ယာပုံ)



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဟူကျိုးမြို့ရှိ အဆင့်မြင့် စက်သုံးဆီများ ထုတ်လုပ်သည့် စက်ရုံသို့သွားရောက်၍ ကုန်ကြမ်း၊ ကုန်ချောသိုလှောင်ကန်များ တည်ဆောက်ထားရှိမှု၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ RON အရည်အသွေးနိမ့်သော စက်သုံးဆီများအား RON 92, RON 95 နှင့် RON 98 များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်နေမှု၊ ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်ရပ်လုံးအား Digital Control စနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေမှု၊ ထုတ်လုပ်ပြီး စက်သုံးဆီများအား ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးနေမှု၊ စက်ရုံသို့ ကုန်ကြမ်းသယ်ယူခြင်း၊ ကုန်ချောဖြန့်ဖြူးခြင်းများအတွက် ပိုက်လိုင်းသွယ်တန်း၍ Control Station မှ စောင့်ကြည့်ထိန်းချုပ်နေမှုအခြေအနေများကို လေ့လာကြည့်ရှုသည်။

ကြည့်ရှုလေ့လာစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့စက်ရုံတွင် လက်ရှိအသုံးပြုလျက်ရှိသော Control System အား Digital စနစ်သို့ ပြောင်းလဲအသုံးပြုလိုသည့်အခြေအနေ၊ စက်ရုံရှိ Laboratory အား အဆင့်မြှင့်တင်လိုမှု၊ မိမိတို့ဝန်ထမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စက်ရုံသို့ စေလွှတ်၍ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ယူလိုမှု အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ရာ ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့က နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်သည့် RON 68 များအား အဆင့်မြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက် သွားလိုကြောင်း၊ လုပ်ငန်းခွင်သင်တန်းများ ပို့ချပေးနိုင်ရန် အဆင်သင့်ရှိပါကြောင်း ပြန်လည်ဆွေးနွေးသည်။

မကြာမီ ကာလအတွင်း ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့ကို မြန်မာနိုင်ငံရှိ ရေနံချက်စက်ရုံသို့စေလွှတ်၍ ဖြစ်နိုင်ခြေဆန်းစစ်မှုများ လေ့လာ ဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံပိုင် ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံသို့သွားရောက်၍ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အဓိက ကုန်ကြမ်းဖြစ်သော ကျောက်မီးသွေး၏ အရည်အသွေးနှင့် ပြည့်မီစွာ စဉ်ဆက်မပြတ်ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ Clean Coal Technology (CCT) ကဲ့သို့သော အဆင့်မြင့်နည်းပညာများအသုံးပြု၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ကျောက်မီးသွေး ထွက်ရှိသဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုပါက ပြည်သူများအနေဖြင့် ချိုသာသောဈေးနှုန်းဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်မည်ဖြစ်ပါသဖြင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုဆိုင်ရာကတိကဝတ်များ ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့ပြီး အဆင့်မြင့် နည်းပညာများကို စနစ်တကျ လွှဲပြောင်းရရှိရေး၊ Human Resources(HR) မြင့်မားစေရေးအတွက် လုပ်ငန်းခွင်သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးနိုင်ရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ နိုင်ငံပိုင်ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံသည် ထိုက်ချန်းမြို့၏ မြို့ပြဧရိယာအတွင်း၌ပင်တည်ရှိပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ လျှပ်စစ်ဓာတ်အား ထုတ်ယူဖြန့်ဖြူးလျက်ရှိနေကြောင်း သိရသည်။ **သတင်းစဉ်**



သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



တပ်မတော် မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးစဉ်။

❖ *ရှေ့ဖုံးမှ*

ဒေသခံပြည်သူများစုပေါင်း၍ သီပေါ မြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၂၁ ရက်မှစ၍ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ ၄၃၆ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၁၅၅ ဦးအထိရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှအခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။

**နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး**

ယင်းအပြင် သီပေါမြို့သို့ ပြန်လည်ဝင်ရောက်လာကြသော ဒေသခံပြည်သူများအား တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကလည်း သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့အား စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် သီပေါမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ယနေ့တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၄၂ ဦးတို့အား တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက အဖျားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ကာကွယ်ဆေးထိုးနှံတိုက်ကျွေး**

ထို့အတူ သီပေါမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ၊ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက်ကလေး ၃၅၀ တို့အား အထူးအစီအစဉ် (Special Immunization Activities) ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**တိမ်အနည်းငယ် ဖြစ်ထွန်းနေ**

**နေပြည်တော် အောက်တိုဘာ ၂၃** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာများသင်ကြားနေသည့် Grade-12 ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များ အတည်ပြု ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာများသင်ကြားနေသည့် Grade-12 ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များ အတည်ပြုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးပြည့်ဝသည့် အသက်မွေးဝမ်းကျောင်းပညာရေးနှင့် ချိတ်ဆက်ပေါင်းကူးနိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်း၍ အခြေခံပညာတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများကို ၂၀၂၃-၂၀၂၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါတွင် ၈၉ ကျောင်း ဖွင့်လှစ်ထားရှိပြီးဖြစ်ပြီး Grade-10 တွင် ကျောင်းသား ကျောင်းသူ ငါးထောင်ကျော်၊ Grade -11 တွင် ကျောင်းသား ကျောင်းသူ ငါးထောင်ကျော်နှင့် Grade -12 တွင် ကျောင်းသား ကျောင်းသူ သုံးထောင်ကျော် တက်ရောက်လျက်ရှိကြောင်း။

Grade-9 ပြီးမြောက်ပါက ပညာဆက်လက်သင်ယူနိုင်ရန် ကျောင်းသား ကျောင်းသူများအနေဖြင့် တက်ရောက်လိုသည့် အခြေခံပညာဘာသာရပ်တွင် သက်မွေးပညာများဖြစ်သည့် စက်မှုနည်းပညာနှင့် စိုက်ပျိုးရေးနည်းပညာကို သင်ယူလေ့လာခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း၊ အခြေခံဘာသာရပ်များကို အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများ၊ နည်းပညာဘာသာရပ်များကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဆရာ ဆရာမများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဦးစီးဌာနများမှ ဆရာ ဆရာမများက အားဖြည့်သင်ကြားပေးလျက်ရှိကြောင်း။

Grade-10 နှင့် Grade-11 အတန်းများကို အခြေခံပညာကျောင်းများတွင် ရာနှုန်းပြည့် သင်ကြားပေးလျက်ရှိကြောင်း၊ Grade -12 တွင် မြန်မာစာ ၃၀ ရာခိုင်နှုန်း၊ အင်္ဂလိပ်စာ ၁၀၀ ရာခိုင်နှုန်း၊ သင်္ချာ ၁၀၀ ရာခိုင်နှုန်း၊ ရူပဗေဒ ၆၀ ရာခိုင်နှုန်း၊ ဓာတုဗေဒ ၄၀ ရာခိုင်နှုန်း သင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများနည်းတူ အခန်းဆုံးတတ်မြောက်မှုစစ်ဆေးခြင်း (၂)ကြိမ်၊ ပထမနှစ်ဝက်ပြီးဆုံးပါက (၁)ကြိမ်၊ နောက်ဆုံးနှစ်ဝက်ပြီးဆုံးပါက (၁) ကြိမ် စုစုပေါင်း (၄)ကြိမ် စစ်ဆေးခြင်းပုံစံဖြင့် ဆောင်ရွက်ကြောင်း၊ Grade 12 ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဦးစီးဌာနများနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး ရရှိလာသည့် ဆွေးနွေးချက်များကို ယခုအစည်းအဝေးတွင် အတည်ပြုဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ ဆောင်ရွက်ထားရှိမှု၊ စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက မေးခွန်းပြုစုခြင်း၊ Board of Examination ဖွဲ့စည်းခြင်းနှင့် စာမေးပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အခြေအနေများအပေါ် အပြန်အလှန်ဆွေးနွေးကြပြီး Grade-12 ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုမှတ်တမ်းတင်ကာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ အန်နာ ဆာဂျီ ယဲဗ်နာ့ ဗင်နီကောဗာနှင့် အဖွဲ့သည် ယနေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ထိုသို့ ကြည့်ရှုလေ့လာစဉ် ဒုတိယဝန်ကြီးနှင့် အဖွဲ့အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ





နှင့် တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများက အတူလိုက်ပါ၍ ရှင်းလင်းပြသကြသည်။

ဦးစွာ ပုဂံမြို့ဟောင်းရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်သို့ ရောက်ရှိရာ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ ညွှန်ကြားရေးမှူးက ပြတိုက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းလေ့လာကြသည်။

ထို့နောက် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး၏ အနုလက်ရာများ၊ မြင်းကပါကျေးရွာရှိ မြစေတီဘုရား၊ ရွှေစည်းခုံစေတီတော်ကြီး၊ ရာဇကုမာရ်ကျောက်စာ၊ မြင်းကပါ ဂူပြောက်ကြီးဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီများနှင့် နန်းမြင့်မျှော်စင်တို့ကို စိတ်ဝင်တစား သွားရောက်လေ့လာကြသည်။

ယင်းနောက် ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းယွန်းထည်လုပ်ငန်းနှင့် ယွန်းအရောင်းဆိုင်ရှိ မြန်မာ့ရိုးရာယွန်းလက်မှုပစ္စည်းများကို ကြည့်ရှုလေ့လာကြပြီး ထီးလိုမင်းလိုဘုရား၌ ပုဂံဒေသ နေဝင်ဆည်းဆာအလှကို ကြည့်ရှုကာ မှတ်တမ်းဓာတ်ပုံများရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



ဆင်ပေါင်ဝဲမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၂၂ ရက်က ဆင်ပေါင်ဝဲမြို့နယ်ရှိ ဌာနဆိုင်ရာရုံးများသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

၂၃ - ၁၀ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၁၁၇၄ | ၉၈၉၂၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၄၄၇၈ | ၁၅၂၂၅၂၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၀ | ၀ |
| FPB | ၂၄၀၀ | ၂၃၀၀ | ၃၈၅၉ | ၈၉၁၁၆၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၄၀ | ၁၁၄၀၀၀ |
| EFR | ၁၈၅၀ | ၁၈၅၀ | ၂၀၀၉ | ၃၆၄၆၂၅၀ |
| AMATA | ၃၅၀၀ | ၃၅၀၀ | ၁၁ | ၃၈၅၀၀ |
| MAEX | ၃၃၀၀ | ၃၃၀၀ | ၁၁၇ | ၃၈၆၁၀၀ |

# ကမ္ဘာ့ရာသီဥတုပြောင်းလဲဖြစ်စဉ်နှင့် မြန်မာ့ကော်ဖီ

**၂၀၂၃ ခုနှစ် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှု FAO အစီရင်ခံစာအရ ၂၀၂၃ ခုနှစ် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှုသည် တန်ချိန် ၁၁ ဒသမ ၁ သန်းဖြစ်သည်။ ၂၀၂၅-၂၀၂၆ တွင် တန်ချိန် ၁၀ ဒသမ ၇ သန်း ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းကြသည်။ ကမ္ဘာ့ကုန်သွယ်မှုများတွင် ကော်ဖီကုန်သွယ်မှုတန်ဖိုးသည် ရေနံကုန်သွယ်မှုပြီးလျှင် ဒုတိယအများဆုံးဟု သိရပါသည်။**

ရတနာစိုး
(အမျိုးသားစာပေဆုရှင်)

ကော်ဖီပင်ကြီးထွားမှုကို လွှမ်းမိုးထားသော၊ အထောက်အကူပြုသော အချက်များမှာ လတ္တီတွဒ်၊ တည်နေရာ၊ ကုန်းမြင့်၊ ရာသီဥတု၊ မိုးရေချိန်၊ နေရောင်ရရှိမှု မြေ၏ သဘာဝနှင့် စိုက်ပျိုးနည်းစနစ်ပေါ် မူတည်ပြီး ကော်ဖီ၏ အနံ့အရသာနှင့် အရောင်အဆင်းကွဲပြားကြပါသည်။ ယခုခေတ်တွင် ကော်ဖီထုတ်လုပ်မှုသည် ကော်ဖီနှစ်မျိုးဖြစ်သော အာရေဗီကာနှင့် ရိုဘတ်စတာကော်ဖီတို့အပေါ်တွင် လုံးဝတည်ရှိနေပါသည်။

ယခုအခါ ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူချိန်မြင့်တက်လာခြင်း၊ မတည်ငြိမ်သော မိုးရွာသွန်းမှုများကြောင့် ကော်ဖီပင်များပျက်စီးခြင်း၊ အထွက်နှုန်းနှင့် အရည်အသွေးကျဆင်းခြင်း၊ ပိုးမွှားရောဂါများ ပိုမိုဆိုးရွားလာခြင်းများနှင့် ကြုံတွေ့နေရပြီး ကော်ဖီစိုက်ပျိုးသူများမှာ အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။

### ရာသီဥတုပြောင်းလဲမှုနှင့် ကော်ဖီဈေးနှုန်း

ရာသီဥတုပြောင်းလဲမှုတွင် ကော်ဖီထုတ်လုပ်သော နိုင်ငံများ၌ ဖြစ်ပေါ်လာမည့် အကြောင်းရင်းများမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထပ်တူညီမျှ တူညီကြမည်မဟုတ်ပါ။ ဥပမာအားဖြင့် အာရေဗီကာစိုက်ပျိုးသည့် ကိုလံဘီယာနိုင်ငံသည် ကြံ့ခိုင်သော ရိုဘတ်စတာမျိုးကို အဓိကစိုက်ပျိုးသည့် ဗီယက်နမ်နိုင်ငံထက် ပိုမိုဆိုးရွားစွာခံစားရနိုင်ပါသည်။

ကော်ဖီဈေးနှုန်းများသည် တစ်နှစ်ထက်တစ်နှစ် ပို၍ကြီးမြင့်လာနေပြီး ရာသီဥတုပြောင်းလဲခြင်းနှင့် ကော်ဖီဈေးနှုန်းမြင့်တက်ခြင်းတို့မှာ ကြီးစွာဆက်နွှယ်လျက်ရှိပါသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအတွက် ခြိမ်းခြောက်မှုအမျိုးမျိုးကို တွေ့ကြုံနေရပြီး သစ်တောပြုန်းတီးမှုမှ အပူချိန်ပြောင်းလဲသဖြင့် အပင်ရောဂါကျရောက်ခြင်းနှင့် ကော်ဖီများ ရှင်သန်မှုကို ထိခိုက်စေခြင်းတို့ ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာပြီး တဖြည်းဖြည်းအပူချိန်မြင့်တက်လာမှုကြောင့် ကော်ဖီကို ပို၍ အေးမြသောကုန်းမြင့်ဒေသများသို့ ပြောင်းရွှေ့စိုက်ပျိုးခြင်းကို ကာလတိုတစ်ခုသာ ပြုလုပ်နိုင်ပြီး ရေရှည်တိုးချဲ့သွားရန် မဖြစ်နိုင်ပါ။ အအေးပိုင်းဒေသများတွင် ကော်ဖီတိုးချဲ့စိုက်ပျိုးလာနိုင်သော်လည်း ရာသီဥတုပြောင်းလဲခြင်းကြောင့် ကော်ဖီထုတ်လုပ်မှုမှာ ၂၁ ရာစု အလယ်ပိုင်းခန့်တွင် ကြီးမားစွာလျော့ကျသွားနိုင်ပါသည်။ ကော်ဖီသုတေသန နှစ်ပတ်လည်အစီရင်ခံစာအရ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှု၏ ၄၇ ရာခိုင်နှုန်း ထုတ်လုပ်သောနိုင်ငံများတွင် ကော်ဖီမြေ ၆၀ ရာခိုင်နှုန်းကျော် လက်လွတ်ဆုံးရှုံးနိုင်သည်ဟု ခန့်မှန်းထားပါသည်။



အရိပ်ဖြင့် စိုက်ပျိုးထားသော အာရေဗီကာကော်ဖီခြံ။

**“ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှုကျဆင်းနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ကော်ဖီတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးကို စီမံဆောင်ရွက်၍ အစိုးရ၊ လုပ်ငန်းရှင်များနှင့် ကော်ဖီစိုက်ပျိုးသူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသည် အနာဂတ်တွင် ကမ္ဘာ့ကော်ဖီထုတ်လုပ်သည့် ထိပ်ဆုံးနိုင်ငံများထဲတွင် နေရာရယူနိုင်မည်”**

ကမ္ဘာပေါ်တွင် အမေရိကန်သည် ကော်ဖီသောက်သုံးမှုအများဆုံးဖြစ်ပြီး အခြားနိုင်ငံများ (ဥရောပ၊ အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ) တွင်လည်း ကော်ဖီသောက်သုံးမှု ကြီးထွားလာလျက်ရှိပါသည်။ ဝယ်လိုအားတက်ပြီး ထုတ်လုပ်မှုကျဆင်းလာပါက လာမည့်နှစ်များတွင် ကော်ဖီဈေးနှုန်းများ တက်လာပါမည်။ လက်ရှိမှာပင် ဈေးတက်နေသော ကော်ဖီဈေးနှုန်းများက ထောင်၍တက်လာမည် ဖြစ်ပါသည်။ ကော်ဖီဈေးတက်လာခြင်းကို ရှောင်ရှား၍ မရနိုင်တော့ပါ။

### ပူနွေးသောအပူချိန်တွင် ဖြစ်ထွန်းနိုင်

ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေ ဆောင်ရွက်ချက်များအနေဖြင့် အာရေဗီကာကော်ဖီမျိုးကို ပို၍မြင့်သော ကုန်းမြင့်ဒေသများတွင် ပြောင်းရွှေ့စိုက်ပျိုးခြင်း၊ ရာသီပြောင်းလဲမှုကို ခုခံနိုင်သောကော်ဖီမျိုးများကို ပြောင်းလဲစိုက်ပျိုးခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း စသည်တို့သည် ပြောင်းလဲလာသော ရာသီဥတု အခြေအနေနှင့် လိုက်လျောညီအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ သုတေသနပညာရှင်များက ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်သော အာရေဗီကာကော်ဖီမျိုးသစ်များကို မျိုးကူးစပ် ရွေးချယ်ထုတ်လုပ်လျက်ရှိပါသည်။ ယင်းမျိုးများသည် ပူနွေးသောအပူချိန်တွင် ဖြစ်ထွန်းနိုင်ပါသည်။

ကော်ဖီစိုက်ပျိုးနည်းစနစ်တွင် အရိပ်ဖြင့် စိုက်ပျိုးခြင်းနှင့် အရိပ်မဲ့နေရောင်ခြည် တိုက်ရိုက်နေရောင်ခံစိုက်ပျိုးခြင်းဟူ၍ နှစ်မျိုးရှိရာ ဘရာဇီး၊ ကိုလံဘီယာ၊ ကင်ညာနှင့် ဗီယက်နမ်တို့ အပါအဝင် အဓိကကော်ဖီထုတ်လုပ်သည့် နိုင်ငံများသည် အထွက်နှုန်း မြင့်မားစေရန် အရိပ်မဲ့ နေရောင်ခြည်တိုက်ရိုက် စိုက်ပျိုးနည်းကို အသုံးပြုကြသည်။

အရိပ်မဲ့ စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းမြင့်မားလာသော်လည်း ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ ပိုမိုထည့်သွင်းရခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေပါသည်။ အရိပ်ဖြင့် စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းနိုင်မှု၊ ရေထိန်းသိမ်းနိုင်မှု၊ ဓာတုဆေးဝါးလျှော့ချနိုင်မှု၊ ပိုးမွှားထိန်းသိမ်းနိုင်မှု စသည့် အကျိုးရလဒ်များ ရရှိနိုင်ပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် အရိပ်မဲ့စိုက်ပျိုးသည့်နိုင်ငံများသည် အရိပ်ဖြင့် စိုက်ပျိုးသည့် နိုင်ငံများထက် ရာသီဥတုဒဏ် ပိုမိုခံစားရဖွယ်ရှိပါသည်။

ကမ္ဘာ့ကော်ဖီထုတ်လုပ်သည့်နိုင်ငံများတွင် အာရေဗီကာကော်ဖီစိုက်ပျိုးရန် မသင့်လျော်သည့် ဒေသများ၌ ရိုဘတ်စတာကော်ဖီကို စိုက်ပျိုးလာကြသည်။ အကြောင်းမှာ ရိုဘတ်စတာကော်ဖီသည် အာရေဗီကာကော်ဖီထက် အပူဒဏ်၊ ပူနွေးစွတ်စိုမှုဒဏ်ကို ပို၍ခံနိုင်ရည်ရှိသည်။ ရိုဘတ်စတာကော်ဖီသည် ပြုစုရန်လွယ်ကူပြီး သီးနှံထွက်ရှိမှု ပိုမိုများပြားသည့်အပြင် အာရေဗီကာကော်ဖီထက် ကဖိန်းနှင့် ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ နှစ်ဆနီးပါး ပါဝင်ပြီး အာရေဗီကာကော်ဖီထက် ပိုးမွှားရောဂါဒဏ် ပိုမိုခံနိုင်ရည်ရှိခြင်းကြောင့် ဖြစ်ပါသည်။

ရိုဘတ်စတာကော်ဖီ၏ ပြင်းထန်သော အရသာသည် ရောစပ်ကော်ဖီထုတ်လုပ်နိုင်ခြင်း၊ ပျော်လွယ်ကော်ဖီထုတ်လုပ်နိုင်ခြင်းနှင့် Espresso ကော်ဖီထုတ်လုပ်ရာတွင် အသုံးပြုခြင်း၊ ကော်ဖီဝယ်လိုအား မြင့်တက်လာခြင်းအပါအဝင် အကြောင်းများစွာတို့ကြောင့် ယခုအခါ ရိုဘတ်စကာကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများကို ချဲ့ထွင်လာကြသည်။ ထိုသို့ ချဲ့ထွင်စိုက်ပျိုးလာကြခြင်းဖြင့် ကမ္ဘာ့ကော်ဖီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်ကို ယုံကြည်လက်ခံလာကြသည်။ ယခုအခါ ကမ္ဘာ့ကော်ဖီစိုက်ပျိုးမှု၏ ၄၀ ရာခိုင်နှုန်းခန့်အထိ တိုးချဲ့စိုက်ပျိုးလာကြသည်။ ရိုဘတ်စတာကော်ဖီစိုက်ပျိုးသည့်အခါ အဓိကလိုအပ်ချက်မှာ ကော်ဖီသီးခူးပြီး မတ်လ၊ ဧပြီလများတွင် ရေပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပထဝီအခြေအနေအရ ရာသီဥတုမျိုးစုံရှိပြီး အာရေဗီကာကော်ဖီနှင့် ရိုဘတ်စတာကော်ဖီ နှစ်မျိုးလုံး စိုက်ပျိုးလျက်ရှိရာ အာရေဗီကာနှင့် ရိုဘတ်စတာကော်ဖီ နှစ်မျိုးလုံး တိုးချဲ့စိုက်ပျိုးရန်သင့်လျော်သည့် ရေမြေရာသီဥတုနှင့် နေရာဒေသများစွာ ရှိသည့်အပြင် ရေအရင်းအမြစ်ပေါကြွယ်ဝပါသဖြင့် ကော်ဖီတိုးချဲ့စိုက်ပျိုးရေးအတွက် အခွင့်အလမ်းများ များစွာရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်ကတည်းက ကော်ဖီစိုက်ပျိုးခဲ့သည့် အတွေ့အကြုံများရှိသည့်အပြင် ကျွမ်းကျင်ပညာရှင်များလည်းရှိနေပြီး အစဉ်အလာအရအရိပ်ဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။

### အမြောက်အမြား ထုတ်လုပ်တင်ပို့နိုင်ရန် လိုအပ်နေ

မြန်မာနိုင်ငံမှ ထွက်ရှိသောကော်ဖီများကို နိုင်ငံတကာကော်ဖီဈေးကွက်တွင် လူကြိုက်များသော်လည်း အမြောက်အမြား ထုတ်လုပ်တင်ပို့နိုင်ရန် လိုအပ်နေပါသေးသည်။ အထူးသဖြင့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ် ရွာငံ၊ နောင်တရား၊ ပင်လောင်း၊ မဲနယ်တောင်မှ ထွက်ရှိသော ကော်ဖီများသည် ရေပန်းစားလျက်ရှိပါသည်။ ထိုဒေသများသည် ပင်လယ်ရေမျက်နှာပြင်မှ ပေ၄၀၀၀ ကျော်မြင့်ပြီး အာရေဗီကာကော်ဖီကို ချဲ့ထွင်စိုက်ပျိုးရန်သင့်လျော်ပါသည်။ အလားတူ ကရင်ပြည်နယ်မှ ထွက်ရှိသော ရိုဘတ်စတာကော်ဖီသည်လည်း လူကြိုက်များသဖြင့် အာရေဗီကာစိုက်ပျိုးရန် မသင့်လျော်သော ဒေသများတွင် ရိုဘတ်စတာကော်ဖီကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးသင့်ပါသည်။ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး မင်းတုန်းရိုးမနှင့် ပဲခူးရိုးမတို့တွင် ရိုဘတ်စတာကော်ဖီမျိုးကို တိုးချဲ့စိုက်ပျိုးနိုင်ပါသည်။

ကော်ဖီကို သဘာဝသစ်တောများ၊ လူတို့စိုက်ပျိုးထားသောသစ်တောများတွင် တိုးချဲ့စိုက်ပျိုးနိုင်ပါသည်။ အထူးသဖြင့် ကော်ဖီဖြစ်ထွန်းမည့်ဒေသများတွင် *စာမျက်နှာ ၇ သို့*



ရိုဘတ်စတာကော်ဖီပင်နှင့် အသီးသီးနေပုံ (ပြင်ဦးလွင်)။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် **၆၅** ရက် သာ လိုတော့သည်။

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျ ကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms. Gwyn Lewis နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိမှု၊ ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့ ပူးပေါင်း၍ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား သုံးပွင့်ဆိုင် MOU ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူးရုံး (UNRCO)၏ ညှိနှိုင်းချက်အရ ရခိုင်ပြည်နယ်မှ UN/INGO ဝန်ထမ်းများနှင့် မိသားစုများအား ရန်ကုန်မြို့တွင် ခေတ္တနေထိုင်ခွင့်ပြုထားမှု၊ လူဦးရေနှင့်ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် ကာလရှည်ကြာစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် UNFPA အပါအဝင် UN အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်မည့်အခြေအနေ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးမင်းဟိန်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## တနိုင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**တနိုင်း အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် တနိုင်းမြို့နယ် စာကြည့်တိုက်များဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ကျော်ဖုန်းအောင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်လင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုး၊ ခရိုင်ပညာရေးမှူး ဒေါ်ရွှေနယ်ဇိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကိုကျင်းပရာ တနိုင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ပန်းတိုင်းပွင့်စေ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဗိုလ်မှူးချုပ် ကျော်ဖုန်းအောင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်လင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးတို့က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ကျပန်းစကားပြောပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရရှိသူများအား ဆုများချီးမြှင့်ပြီး ဗိုလ်မှူးချုပ် ကျော်ဖုန်းအောင်က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဦးက လက်ခံရယူသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွက် စာအုပ် နှစ်သိန်းဖိုး လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လှိုင်က လက်ခံရယူခဲ့သည်။

မနောမြေ(တနိုင်း)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မိုး/ဇလ

*စာမျက်နှာ ၆ မှ*

သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းနည်းဖြင့် သစ်ခုတ်ပြီးသော သစ်တောများတွင် အဖိုးတန်သစ်မာပင်များ၊ ဆေးဖက်ဝင်အပင်များ၊ ဟင်းခတ် အမွှေးအကြိုင်ပင်များ (ဥပမာ-လေးညှင်း၊ ဇရုတ်ကောင်း၊ ကရဝေး၊ သစ်ကြံပိုး၊ နာနတ်ပွင့်) တို့နှင့်ပေါင်းစပ်၍ ကော်ဖီစိုက်ပျိုးခြင်းဖြင့် ကော်ဖီမှဝင်ငွေများစွာ ရရှိပြီး သီးညှပ်စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိပါသည်။

ထို့ပြင် မျိုးသုဉ်းပျောက်ကွယ်နိုင်မည့် အဖိုးတန်သစ်မာမျိုးစိတ်များ ထိန်းသိမ်းနိုင်ခြင်း၊ သစ်တောများရှင်သန်ဖွံ့ဖြိုးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ဖွံ့ဖြိုးစေခြင်း စသည့် အကျိုးရလဒ်များ ရရှိစေမည်ဖြစ်ပါသည်။ ထို့ပြင် ကော်ဖီစိုက်ပျိုးထုတ်လုပ်သောဒေသများနှင့် ဆက်စပ်နေသော နေရာဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုနှင့် စီးပွားရေးအခွင့်အလမ်းများ ရရှိစေမှုတို့ကြောင့် နိုင်ငံတော်ရည်မှန်းချက်ဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို အထောက်အကူဖြစ်စေပါမည်။

သို့ဖြစ်၍ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှုကျဆင်းနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ကော်ဖီတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးကို စီမံဆောင်ရွက်၍ အစိုးရ၊ လုပ်ငန်းရှင်များနှင့် ကော်ဖီစိုက်ပျိုးသူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသည် အနာဂတ်တွင် ကမ္ဘာ့ကော်ဖီထုတ်လုပ်သည့် ထိပ်ဆုံးနိုင်ငံများထဲတွင် နေရာရယူနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အလုပ်သင်ဆရာဝန်များ ကြိုဆိုပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ဆေးတက္ကသိုလ်များ၏ အလုပ်သင်ဆရာဝန် လေ့ကျင့်သင်ကြားရေးဆေးရုံကြီးများတွင် အောက်တိုဘာ ၁ ရက်မှစတင်ပြီး အလုပ်သင်ဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်နေသူ မောင်မယ်သစ်လွင် အလုပ်သင်ဆရာဝန်များကို ကြိုဆိုပွဲအား ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိကျန်းမာရေးဝန်ကြီးဌာန၌ Semi-virtual စနစ်ဖြင့် ကျင်းပသည်။

ကြိုဆိုပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အလုပ်သင်ဆရာဝန်သင်တန်းကာလသည် သင်ယူတတ်မြောက်ထားသော ဆေးပညာရပ်ဆိုင်ရာ အသိပညာများကို လက်တွေ့ကျကျအသုံးချပြီး လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် အချိန်ကာလဖြစ်ပါကြောင်း၊ ထို့အပြင် အလုပ်သင်ဆရာဝန်များ မဖြစ်မနေတတ်မြောက်ထားရမည့် လက်တွေ့ကျွမ်းကျင်မှု (Procedural Skills) များကို မိမိတို့ ဆရာ/ဆရာမများ၊ အတွေ့အကြုံရှိသော လုပ်ဖော်ကိုင်ဖက်များထံမှ စာတွေ့ရော၊ လက်တွေ့(Hands on Training)ပါ သေချာစွာ ဆည်းပူးလေ့လာနိုင်မည့်ကာလလည်း ဖြစ်ပါကြောင်း။

အလုပ်သင်ဆရာဝန်ကာလပြီးဆုံးပါက ဆရာဝန်များအဖြစ် နိုင်ငံ့တာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် မိမိတို့၏ ဆေးပညာ ပိုမိုတိုးတက်လာအောင် ဘွဲ့လွန်သင်တန်းများကို ဆက်လက်တက်ရောက်နိုင်ရေး ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့် (သစ်လွင်) ဆရာဝန်များအတွက် လုပ်သက်သတ်မှတ်ချက်မရှိဘဲ တက်ရောက်နိုင်သော ဘွဲ့လွန်သင်တန်း ၁၁ မျိုးအပါအဝင် ဘွဲ့လွန်သင်တန်း ၁၄၄ မျိုးကို ဖွင့်လှစ်ထားပြီး ပြည်တွင်းဘွဲ့လွန်သင်တန်းများသာမက ပြည်ပနိုင်ငံများရှိ တက္ကသိုလ်များမှ ဘွဲ့လွန်သင်တန်းများကိုပါ တက်ရောက်ခွင့်ပြုထားပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီ နာယက ပါမောက္ခဒေါက်တာခင်မောင်အေးက ဆေးပညာရပ်ဆိုင်ရာကျင့်ဝတ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ကြိုဆိုပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆေးကောင်စီမှ နာယကကြီးများ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့၏ ဥက္ကဋ္ဌများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ ကြိုဆိုပွဲသို့ အလုပ်သင်ဆရာဝန်များက Virtual စနစ်ဖြင့် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ အလုပ်သင်ဆရာဝန် ၃၀၂ ဦး၊ ဆေးတက္ကသိုလ် မန္တလေးမှအလုပ်သင်ဆရာဝန် ၂၈၁ ဦး၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ၃၃၄ ဦး၊ ဆေးတက္ကသိုလ် မကွေးမှ ၁၆၆ ဦး၊ ဆေးတက္ကသိုလ် တောင်ကြီးမှ ၁၀၄ ဦး တက်ရောက်ကြပြီး In person စနစ်ဖြင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ၅၃ ဦး စုစုပေါင်း ၁၂၄၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# (၁၄)ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

(၁၄)ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ PARK-ROYAL Hotel ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ဇော်ဆန်း ဦးဆောင်သော ကိုယ်စားလှယ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ မှုခင်းစုံစမ်းစစ်ဆေးရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဌာန၏ ညွှန်ကြားရေးမှူး Mr. Wang Yong Can ဦးဆောင်သော ကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးကို မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဖြစ်ပွားလျက်ရှိသည့် လူကုန်ကူးမှုများ စုံစမ်းဖော်ထုတ်ရေး၊ လူကုန်ကူးခံရသူများအား ကူညီကယ်တင်ရေးနှင့် အကာအကွယ်ပေးရေး၊ လူကုန်ကူးသူများကို ကူညီစုံစမ်းဖမ်းဆီးပေးရေးနှင့် အပြစ်ပေးအရေးယူရေး၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးရေးနှင့် သတင်းအချက်အလက်ဖလှယ်ရေး စသည့် လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုအခြေအနေများနှင့် ပြောင်းလဲဖြစ်ပေါ်နေသည့် လူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးမှုများ စုံစမ်းဖော်ထုတ်ခြင်း၊ လူကုန်ကူးခံရသူများအား ကယ်တင်ခြင်းနှင့် ကျူးလွန်သူတရားခံများကိုဖမ်းဆီးခြင်း ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား သတင်းအချက်အလက် ဖလှယ်နိုင်ရေးကိစ္စရပ်များ၊ တရားမဝင် ဝင်/ထွက်သွားလာမှုများနှင့် နှစ်နိုင်ငံအကြား ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုများ လျော့နည်းကျဆင်းစေရေးကိစ္စရပ်တို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Grade-12 ကျောင်းသား ကျောင်းသူများအား Naypyitaw State Academy တွင် သင်ကြားလျက်ရှိသော ဘာသာရပ်များ မိတ်ဆက်

**နေပြည်တော် အောက်တိုဘာ ၂၃**

Grade-12 ကျောင်းသား ကျောင်းသူများအား Naypyitaw State Academy တွင် သင်ကြားလျက်ရှိသော ဘာသာရပ်များ မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဘာသာရပ်မိတ်ဆက်ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာ မဟာဌာန၊ ဥပဒေပညာမဟာဌာန၊ စီးပွားရေးပညာ မဟာဌာန၊ လူမှုရေးပညာ မဟာဌာန၊ အားကစားပညာမဟာဌာနနှင့် ဆေးပညာ မဟာဌာနတို့မှ ပါမောက္ခ(ဌာနမှူး)များက အခြေခံပညာကျောင်းများမှ Grade-12 ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးပါက Naypyitaw State Academy တွင် ရွေးချယ်သင်ယူနိုင်မည့် အထူးပြုဘာသာရပ်များကို အပိုင်းလေးပိုင်းခွဲ၍ မိတ်ဆက်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူများ ဆောင်ရွက်ထားရှိသည့် ပရောဂျက်များကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရန်ကင်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တည်ဆဲ အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ရန်ကင်းမြို့နယ် မဟာသာသနာ့ဗိမာန်ခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၃**

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၃**



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စိုးရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တစ်နိုင်ငံလုံးတွင်ရှိသည့် ကျောင်းသား ကျောင်းသူ၊ လူငယ်များသည် နိုင်ငံ၏အနာဂတ်ကို ဖန်တီးတည်ဆောက်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပါကြောင်း၊ လူငယ်များသည် မိမိတို့၏ တန်ဖိုးမဖြတ်နိုင်သည့် လက်ရှိလူငယ်ဘဝကို တန်ဖိုးထားပြီး လမ်းမှားမရောက်အောင် မိမိကိုယ်ကိုထိန်းသိမ်းတည့်မတ်ရင်း ပညာပြည့်ဝနှလုံးလှသည့် လူတော်လူကောင်းများဖြစ်ရန် ယခုချိန်ကတည်းက ကြိုးစားကြရန် လိုအပ်ပါကြောင်း၊ လူငယ်ဘဝကိုတန်ဖိုးထားပြီး ပညာကိုကြိုးစားသင်ယူကာ ကျောင်းပြင်ပပညာများဖြစ်သည့် နိုင်ငံတကာနှင့် ပတ်သက်သည့် အထွေထွေဗဟုသုတများ၊ အင်္ဂလိပ်စာ အပါအဝင် နိုင်ငံတကာ ဘာသာစကားများ၊ ခေတ်မီတိုးတက်လာသည့် IT နည်းပညာအပါအဝင် အခြားသောနည်းပညာများကို မျက်ခြည်မပြတ် လေ့လာတတ်ကျွမ်းအောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်ရေးရာအသိပညာပေးဟောပြောသည့် စာရေးဆရာ ဒေါက်တာအောင်စိုးအား ဂုဏ်ပြုလက်ဆောင်နှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် စာရေးဆရာ ဒေါက်တာအောင်စိုးက "လူငယ်နှင့် မိုဘိုင်းဖုန်းဂိမ်းအန္တရာယ်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး နေပြည်တော်လူငယ်ရေးရာတာဝန်ခံက ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိမေးမြန်းခြင်းနှင့် ဆုလက်ဆောင် ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ကြံခင်းမြို့ရှိ ဗုဒ္ဓတစ်ထောင်အကောက်တောင်မုခ်ဦးဖွင့်ပွဲ ကျင်းပ

**ကြံခင်း အောက်တိုဘာ ၂၃**

ကြံခင်းမြို့ မြို့မရပ်ကွက် မက်သနော(လ်)လမ်းနှင့် လမ်းမတော်လမ်းဆုံ၌ ဆောက်လုပ်ထားသည့် ဗုဒ္ဓတစ်ထောင်အကောက်တောင် မုခ်ဦးဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဗုဒ္ဓတစ်ထောင်အကောက်တောင် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကြံခင်းမြို့ရိုးရာကျွဲဝိုင်းအဖွဲ့၊ ဘင်ခရာအဖွဲ့တို့၏ ကပြဖျော်ဖြေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကာ ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီခဲ့ကြသော ခတ်သစ်မောင်ကျွဲဝိုင်းအဖွဲ့၊ အ.ထ.က(၁) ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါဖွင့်ပွဲသို့ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အကောက်တောင်ဘုရားဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ချင်းတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဘုရားဖူးခရီးသွား ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားရောက်ဖူးမြော်ကြည်ညိုနိုင်ရေး၊ ကြိုဆိုရေးအထိမ်းအမှတ် မုခ်ဦးကို ဗုဒ္ဓတစ်ထောင်အကောက်တောင်ဘုရား ဂေါပကများက မတည်လှူဒါန်းပြီး ကြံခင်းမြို့ ဌာနဆိုင်ရာများ၊ ကြံခင်းမြို့နယ်ရှိ ကျေးရွာ/အုပ်စု ၃၅ စုမှ အလှူရှင် (၇)ရက်သားသမီးများ စုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် သိန်း ၁၀၀၀ ကျော်ခန့်ကုန်ကျခဲ့ကြောင်း သိရသည်။



**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် အောက်တိုဘာ ၂၃**



ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့်ပြည်နယ်၏မြို့တော်လွိုင်ကော်အား မြို့အင်္ဂါရပ်နှင့်အညီ စိမ်းလန်းသောမြို့၊ သန့်ရှင်းသောမြို့ဖြစ်စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ လွိုင်ကော်-လောပိတလမ်းပိုင်း ဘီလူးချောင်းဘေး၌ မြေထိန်းနံရံတည်ဆောက်နေမှုနှင့် ရှုခင်းသာပန်းခြံတွင် မြေယာရှုခင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဘီလူးချောင်းဘေးတစ်လျှောက် သန့်ရှင်းသာယာမှုရှိစေရေး ချုံမြက်များရှင်းလင်းဆောင်ရွက်ရန်နှင့် ပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရန်အတွက် ရှုခင်းသာပန်းခြံတွင် ပန်းအလှပင်စိုက်ပျိုးခြင်းနှင့် အနားယူသည့် နေရာများ သစ်လွင်တောက်ပမှုရှိစေရေးတို့ကို စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အောင်သီဟရပ်ကွက်ရှိ ဧဝ ၅၀၀ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိကာ ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် ကိုယ်ထူကိုယ်ထ ဆောက်လုပ်လျက်ရှိသည့် ပေ (၆၀ x ၃၀) အုတ်ညှပ်တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းဆောင်ကို သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နမ့်ဘော်ဝမ်(ခ) ရပ်ကွက် မြကန်သာလမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုနှင့် မြကန်သာကန်ဘေးတွင် မြေယာရှုခင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လွိုင်ကော်မြို့နယ် ခန်းမဝင်းအတွင်း ပေ (၆၀ x ၃၅) အုတ်ညှပ်တစ်ထပ် ပစ္စည်းဂိုဒေါင်ရုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဂိုဒေါင်အတွင်း ပစ္စည်းများ စနစ်တကျထားသိုရန်နှင့် မီးဘေးအန္တရာယ် လုံခြုံမှုရှိစေရေး စနစ်တကျ ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်အစိုးရအဖွဲ့ရုံးအရာထမ်း၊ အမှုထမ်း ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဆန်၊ ဆီနှင့် ကြက်ဥစသည့် အခြေခံစားသောက်ကုန်များ ပေးအပ်ချီးမြှင့်ရာ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**



# ကမာရွတ်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၉ နာရီခွဲတွင် ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြင့်သူက အမှာစကားပြောကြားပြီး စာရေးဆရာဝင်းသိန်းက စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် စာပေဟောပြောသည်။ လူငယ်စကားဝိုင်းတွင် ဦးဆောင်သူအဖြစ် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိအိမွန်က ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် စာရိတ္တခေါင်းစဉ်များဖြင့် ဆွေးနွေးကြကာ ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်သည်။

**စိမ်းလဲ့(ပြန်/ဆက်)**

# ကျန်းမာဖို့ရာ လက်ဆေးပါ

**ဒေါက်တာအောင်ထွဏ်း**

**လက်ဆေးခြင်းသည် ကျန်းမာရေးအတွက် အလေ့အကျင့်ကောင်းတစ်ခုဖြစ်သည်။ အချို့သောရောဂါပိုးမွှားများသည် လက်မှကိုင်တွယ်လိုက်သည့်အပေါ် မူတည်၍ လက်တွင် တွယ်ကပ်လာကြသည်။ လက်ဆေးခြင်းဖြင့် သို့မဟုတ် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောသည့် အလေ့အကျင့်ပြုလုပ်ခြင်းသည် ရောဂါပိုးမွှားများ ကူးစက်ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်ခြင်းလည်း ဖြစ်သည်။**

### ကမ္ဘာ့လက်ဆေးခြင်းအခြေအနေ

လက်ကို ဆပ်ပြာနှင့် စနစ်တကျဆေးကြောခြင်းသည် ရောဂါပိုးမွှားများကို အထိရောက်ဆုံးတားဆီးနိုင်သော နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ နမိုးနီးယား၊ တုပ်ကွေး စသော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ကိုဗစ်၊ အီဘိုလာ စသည့်ကူးစက်ရောဂါများကိုပါ ကာကွယ်နိုင်သည်။

UNICEF နှင့် WHO တို့၏ အချက်အလက်များအရ–

- ❖ ကမ္ဘာပေါ်တွင် လူသုံးဦးအနက် တစ်ဦးတွင် အိမ်တွင်းလက်ဆေးရန် နေရာမရှိပါ။
- ❖ ကျေးလက်နေလူထု၏ ၃၄ ရာခိုင်နှုန်းသာ အခြေခံလက်ဆေးရန် နေရာများရှိသည်။
- ❖ ချမ်းသာသူများသည် ဆင်းရဲသူများထက် လက်ဆေးရန်နေရာရှိမှု နှစ်ဆပိုများသည်။
- ❖ ကမ္ဘာ့လူဦးရေ၏ ၁၅ရာခိုင်နှုန်း ခန့်ဖြစ်သော မသန်စွမ်းသူများအတွက် လက်သန့်ရှင်းရေးဝန်ဆောင်မှုရရှိရန် အခက်အခဲရှိသည်။
- ❖ ပဋိပက္ခဒဏ်သင့်ဒေသများရှိ ရွှေ့ပြောင်းနေထိုင်သူများနှင့် တိုင်းရင်းသားများတွင် လက်ဆေးရန် အခက်အခဲရှိသည်။

- ✻ ကျောင်းသား (၇ ဒသမ ၃ ရာခိုင်နှုန်း)သည် ကျောင်းသူ (၄ ဒသမ ၈ ရာခိုင်နှုန်း)ထက် ဆပ်ပြာအသုံးမပြုသည့် အလေ့အထ ပိုများသည်။

ထို့ပြင် ၂၀၁၅–၁၆ ခုနှစ် Myanmar Demographic and Health Survey (MDHS) အရ အိမ်ထောင်စုများ၏ ၄၈ ရာခိုင်နှုန်းသာ လက်ဆေးရန် နေရာပါသော စံကိုက်သန့်စင်ခန်းများရှိပြီး ၄၂ ရာခိုင်နှုန်းသော အိမ်ထောင်စုများတွင် စံကိုက်ထက်အဆင့်နိမ့်သော သို့မဟုတ် လုံးဝမရှိသော သန့်စင်ခန်းများသာ ရှိသည်။

### လက်ဆေးခြင်း၏အရေးပါမှု

လက်သန့်ရှင်းရေး ပြုလုပ်ခြင်းသည် ရေသန့်ရှိခြင်း၊ အိမ်သာတက်ပြီးလျှင် လက်ဆေးခြင်းနှင့် တွေ့တွေ့ချင်း လက်ဆေးပေးရန်အတွက် ကောင်းသောအခွင့်အလမ်းများကို ဖန်တီးပေးပါသည်။

လက်ဆေးခြင်းကြောင့် တစ်နှစ်ပတ်လုံး ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးသူ ကလေးငယ်များကို ၅၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်သည်။

ထို့ပြင် လက်ဆေးခြင်းကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကြောင့်ဖြစ်သော သေဆုံးသူကလေးငယ်များကို ၂၅ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်။

- ❑ **လက်ကို ဆပ်ပြာနှင့် စနစ်တကျဆေးကြောခြင်းသည် ရောဂါပိုးမွှားများကို အထိရောက်ဆုံးတားဆီးနိုင်သော နည်းလမ်းကောင်းတစ်ခုဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ၊ နမိုးနီးယား၊ တုပ်ကွေး စသောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ကိုဗစ်၊ အီဘိုလာ စသည့်ကူးစက်ရောဂါများကိုပါ ကာကွယ်နိုင်**
- ❑ **လက်ဆေးခြင်းကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကြောင့်ဖြစ်သော သေဆုံးသူကလေးငယ်များကို ၂၅ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်**
- ❑ **လူတစ်ဦးချင်းစီမှစ၍ မိသားစု၊ ကျောင်း၊ အဖွဲ့အစည်းအဆင့်အထိ လက်ဆေးခြင်းကို နေ့စဉ်စွဲမြဲစွာ ကျင့်သုံးဆောင်ရွက်**

- ❖ ကမ္ဘာ့စာသင်ကျောင်းများ၏ ၅၃ ရာခိုင်နှုန်းတွင်သာ အခြေခံလက်ဆေးရန် နေရာများရှိပြီး ကျောင်းသား သန်း ၉၀၀ ခန့်တွင် လက်ဆေးရန် နေရာမရှိပါ။
- ❖ ကျန်းမာရေးဌာနများ၏ ၃၅ ရာခိုင်နှုန်းခန့်တွင် လက်ဆေးရန် ရေနှင့်ဆပ်ပြာမရှိဟု သိရသည်။

### မြန်မာနိုင်ငံ၏ လက်ဆေးခြင်း အလေ့အထ

မြန်မာနိုင်ငံ၏ အထက်တန်းကျောင်းသားများအတွင်း လက်ဆေးခြင်း အလေ့အထအခြေအနေကို WHO နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော Global School–based Student Health Survey (GSHS) သုတေသနစစ်တမ်းတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်–

- ✻ အထက်တန်းကျောင်းသား ၇ ဒသမ ၀ ရာခိုင်နှုန်းသည် လွန်ခဲ့သော ရက် ၃၀ အတွင်း လက်ကို ဘယ်သောအခါမှ မဆေး (သို့မဟုတ်) တစ်ခါတစ်ရံမျှသာ ဆေးကြောခဲ့သည်။
- ✻ ကျောင်းသားများ (၈ ဒသမ ၀ ရာခိုင်နှုန်း)သည် ကျောင်းသူများ (၄ ဒသမ ၉ ရာခိုင်နှုန်း)ထက် လက်မဆေးသည့် အလေ့အထ ပိုများသည်။
- ✻ အထက်တန်းကျောင်းသား ၃ ဒသမ ၀ ရာခိုင်နှုန်းသည် အိမ်သာတက်ပြီးနောက် လက်ကို ဘယ်သောအခါမှ မဆေး (သို့မဟုတ်) တစ်ခါတစ်ရံမျှသာ ဆေးကြောခဲ့သည်။
- ✻ ကျောင်းသား(၁၁ ဒသမ ၇ ရာခိုင်နှုန်း)သည် ကျောင်းသူ (၆ ဒသမ ၇ ရာခိုင်နှုန်း)ထက် အိမ်သာတက်ပြီးနောက် လက်မဆေးသည့် အလေ့အထ ပိုများသည်။
- ✻ အထက်တန်းကျောင်းသား ၆ ဒသမ ၉ ရာခိုင်နှုန်းသည် လက်ဆေးသည့်အခါ ဆပ်ပြာကို ဘယ်သောအခါမှ အသုံးမပြု (သို့မဟုတ်) ရှားရှားပါးပါးသာ အသုံးပြုခဲ့သည်။

လက်ဆေးခြင်းသည် ကာလဝမ်းရောဂါ၊ အီဘိုလာ (Ebola)၊ ရှိဂဲလိုးစစ် (Shigellosis)၊ ဆား (SARS)၊ ကိုဗစ်၊ အဆုတ်ရောင်အသားဝါ၊ အီးကိုလိုင်၊ တိုင်ဖတ်ကဲ့သို့သော ရောဂါများ ပြန့်ပွားမှုမှလည်း ကာကွယ်ပေးနိုင်သည်။

လက်ဆေးခြင်းကြောင့် ဝမ်းရောဂါ ကူးစက်ပျံ့နှံ့မှု လျော့ကျစေသည့်အပြင် အခြားရောဂါပိုးများကို ကာကွယ်ပေးနိုင်သည်။ ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုကြောင့် ရောဂါများကို ပျောက်ကင်းစေရန်လည်း အထောက်အကူပြုသည်။

ကလေးများအတွက် လက်ဆေးခြင်းသည် ကျောင်းပျက်နှုန်း လျော့ကျစေပြီး ကျန်းမာရေးတိုးတက်စေကာ သင်ကြားမှုပိုမိုအောင်မြင်တိုးတက်စေပါသည်။

လက်မဆေးခြင်းကြောင့် ကူးစက်ရောဂါများ ပျံ့နှံ့ပြီး သက်တမ်းတိုစေသည်။ ရောဂါကုသမရခြင်းကြောင့် ကုန်ကျစရိတ်တိုးလာနိုင်ပါသည်။

လက်သန့်ရှင်းရေးသည် အပူပိုင်းဒေသတစ်လျှောက် ရေမှတစ်ဆင့် ကူးစက်သော ရောဂါများ (ဥပမာအားဖြင့် ရေနေပိုးပါဝင်သော ရေကိုသောက်မိ၍ ကူးစက်သောရောဂါများ) ကို လျော့ကျစေရန်အတွက်လည်း အထောက်အကူပြုပါသည်။

လက်သန့်ရှင်းရေးကို ကောင်းမွန်စွာ ဆောင်ရွက်ခြင်းသည် ရောဂါများကို ပျောက်ကင်းစေခြင်း၊ လျှော့ချပေးခြင်းနှင့် နေ့စဉ်ဘဝနေထိုင်မှုကို ကောင်းမွန်စေခြင်းတို့ကြောင့် ကလေးများနှင့် လူကြီးများ၏ ကျန်းမာရေးကို အများဆုံးအကျိုးဖြစ်ထွန်းစေသည်။

ပုံမှန်လက်ဆေးခြင်းသည် အခြားသော ကူးစက်ရောဂါများကိုလည်း လျှော့ချနိုင်ပြီး ရောဂါကူးစက်မှုမှ ကာကွယ်ရန်နှင့် ကျန်းမာရေးကို ကောင်းမွန်စေရန်အတွက် အလွန်အရေးကြီးသော အလေ့အကျင့်ကောင်းတစ်ခုဖြစ်ပါသည်။

### မည်သည့်အချိန်တွင် လက်ဆေးသင့်သနည်း

- အစားအစာများ ချက်ပြုတ်ရန် ပြင်ဆင်ချိန်၊ စားသုံးရန်ပြင်ဆင်ချိန် (သို့) ကလေးကို ကျွေးမည့်အချိန်မတိုင်ခင်၊
- အစားအစာများ ချက်ပြုတ်နေစဉ်၊
- အိမ်သာ (သို့) အိမ်သာရေခွက်သုံးပြီးသည့်အခါတိုင်း၊
- ကလေး၏အညစ်အကြေးခွက် သန့်စင်ပေးပြီးသည့်အခါတိုင်း၊
- နှာချေ၊ ချောင်းဆိုးပြီးသည့်အခါတိုင်း၊
- တိရစ္ဆာန်များ၊ တိရစ္ဆာန်အစားအစာများ (သို့) တိရစ္ဆာန်မစင်များကို ကိုင်တွယ်ပြီးသည့်အခါတိုင်း၊
- လူနာကို ပြုစုစောင့်ရှောက်ခြင်း၊ ဒဏ်ရာကို ကုသခြင်းတို့ မပြုမီနှင့် ပြုလုပ်ပြီးတိုင်း၊
- အမှိုက်များကို ကိုင်တွယ်ပြီးသည့်အခါတိုင်း လက်ကို ဆပ်ပြာဖြင့် စနစ်တကျသန့်ရှင်းအောင် ဆေးကြောသင့်ပါသည်။

### လက်ကို ထိရောက်စွာ ဆေးကြောနည်း ငါးချက်

(၁) စိုစွတ်အောင် – သန့်ရှင်းသော ရေစီးအောက်တွင် လက်ကို စိုစွတ်အောင်လုပ်ပါ။

(၂) ဆပ်ပြာသုတ် – ဆပ်ပြာကို လက်ဝါး၊ လက်ဖမိုး၊ လက်ချောင်းကြား၊ လက်သည်းအောက်တို့တွင် သုတ်လိမ်းပါ။

(၃) ပွတ်တိုက် – စက္ကန့် ၂၀ (သို့မဟုတ်) "Happy Birthday" သီချင်းကို နှစ်ကြိမ်ဆိုသည်အထိ ခပ်ပြင်းပြင်း ပွတ်တိုက်ဆေးကြောပါ။

(၄) ပြောင်စင်အောင် – သန့်ရှင်းသော ရေစီးအောက်တွင် ဆပ်ပြာများ ပြောင်စင်အောင်ဆေးချပါ။

(၅) ခြောက်အောင် – သန့်ရှင်းသော အဝတ်(သို့မဟုတ်) လေဖြင့် ခြောက်သွေ့အောင် လုပ်ပါ။

### အားလုံးအတွက် သန့်ရှင်းသောလက်များနှင့် ကျွန်ုပ်တို့၏တာဝန်

လက်ဆေးခြင်းသည် လူတိုင်း၏ အခွင့်အရေးဖြစ်သင့်သည်။ အောက်ပါနည်းလမ်းများဖြင့် လူတိုင်းလက်ဆေးနိုင်ရန် ကူညီနိုင်ပါသည်–

**မိသားစုအတွင်း –** ဆပ်ပြာဖြင့် လက်ဆေးပါ။ မိသားစုအတူ စားသောက်သည့်အခါ လက်ဆေးခြင်းကို ပုံမှန်အလေ့အထတစ်ခုအဖြစ် ပြုလုပ်ပါ။ အိမ်တွင်း၌ လက်ဆေးရန် သီးသန့်နေရာ သတ်မှတ်ပါ။

**ကျောင်းများတွင် –** ကျောင်းသားအားလုံး လက်ကို မကြာခဏ ဆေးကြောနိုင်ရန် လက်ဆေးရန်နေရာများ သတ်မှတ်၍ ဆပ်ပြာနှင့် ရေအလုံအလောက်ရှိစေရန် ဂရုစိုက်ပါ။

**ကျေးရွာနှင့် ရပ်ကွက်များတွင် –** လူထုနေရာများ၊ ဈေးများ၊ ဘာသာရေးဆိုင်ရာနေရာများတွင် အခြေခံလက်ဆေးရန်နေရာနှင့် လိုအပ်သောပစ္စည်းများ ထားပေးပါ။ ရေသွန်းလက်ဆေးစင်ကဲ့သို့ ကုန်ကျစရိတ် သက်သာသောနည်းလမ်းများကို အားပေးပါ။

**မသန်စွမ်းသူများအတွက် –** လက်ဆေးစင်များကို သွားလာလွယ်ကူပြီး အသုံးပြုရလွယ်ကူအောင် ဒီဇိုင်းဆွဲပါ။

**အစိုးရ၊ NGO များနှင့် ပုဂ္ဂလိကကဏ္ဍများ –** လက်ဆေးခြင်း၏ အရေးပါမှုကို ပညာပေးကမ်ပိန်းများ ဆောင်ရွက်ပါ။ နည်းပညာနှင့် ရန်ပုံငွေများ မျှဝေပါဝင်ပါ။

### ကျန်းမာဖို့ရာ လက်ဆေးပါ

ကမ္ဘာအနှံ့လက်ဆေးခြင်း၏ အရေးပါမှုနှင့် ကျန်းမာရေးအတွက် ကိုယ်တိုင်ဆောင်ရွက်နိုင်မှုကို သတိပေးနှိုးဆော်သည့်အနေဖြင့် နှစ်စဉ် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ကို ကမ္ဘာ့လက်ဆေးရေးနေ့ (Global Handwashing Day)အဖြစ် သတ်မှတ်ကာ ယခုနှစ်၏ ဆောင်ပုဒ်မှာ “လက်ဆေးခြင်းဖြင့် အနာဂတ်ကို အတူတူကာကွယ်ကြစို့” ဖြစ်ပါသည်။

ကမ္ဘာ့လက်ဆေးရေးနေ့ကို–

**လက်ဆေးခြင်း၏အရေးပါမှုကို သတိပေးခြင်း–** ဆပ်ပြာနှင့် ရေဖြင့် လက်ဆေးခြင်းသည် အူလမ်းကြောင်းနှင့် အသက်ရှူလမ်းကြောင်းရောဂါများကို ထိရောက်စွာ ကာကွယ်နိုင်သည့် အနည်းဆုံးကုန်ကျသည့် နည်းလမ်းဖြစ်ကြောင်း ပြသခြင်း။

**လက်ဆေးရန်နေရာများ တိုးချဲ့ခြင်း –** ကျောင်းများ၊ ဆေးရုံများနှင့် အများပြည်သူသုံးနေရာများတွင် ရေ၊ ဆပ်ပြာပါဝင်သည့် လက်ဆေးရန်နေရာများ လျှာဒါန်းလာစေရန် အစိုးရနှင့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း။

**ကျန်းမာရေးဓလေ့သစ် လေ့ကျင့်ပျိုးထောင်ပေးခြင်း –** လူတစ်ဦးချင်းစီမှစ၍ မိသားစု၊ ကျောင်း၊ အဖွဲ့အစည်းအဆင့်အထိ လက်ဆေးခြင်းကို နေ့စဉ်စွဲမြဲစွာ ကျင့်သုံးဆောင်ရွက်ရန် လှုံ့ဆော်ခြင်း။

*စာမျက်နှာ ၁၁ သို့*

# ခွေးရူးရောဂါကာကွယ်ဆေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၃**

ခွေးရူးရောဂါ ကာကွယ်ဆေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရုံးအမှတ် (၃၆) အစည်းဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ခွေးရူးရောဂါသည် လူနှင့်တိရစ္ဆာန်နှစ်ဖက်လုံးအတွက် အလွန်အန္တရာယ်ရှိကြောင်း၊ WHO အစီရင်ခံစာအရ နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၅၉၀၀၀ ခန့် အသက်ဆုံးရှုံးနေပြီး ၉၉ ရာခိုင်နှုန်းမှာ ခွေးများမှ ကူးစက်ကြောင်း၊ ခွေးရူးရောဂါ ကာကွယ်ဆေးကို ၁၉၅၆ ခုနှစ်မှစတင်၍ P.V. 10 strain ဗိုင်းရပ်စ်အမျိုးအစားကို သုံး၍ ဦးနှောက်တွင် ထိုးနှံ၍ ပွားများစေပြီး အားပျော့စေကာ ကြက်ဥသန္ဓေသားတွင် အားဖျော့ထားသော ဗိုင်းရပ်စ်အမျိုးအစား Flury, Low Egg Passage Strain ကိုပေါက်ပွားစေပြီး သန္ဓေသားလောင်းကို အမှုန့်ကြိတ်၍ အခြောက်ခံထားသော ဆေးကို အသုံးပြုခဲ့ကြောင်း၊ ထိုသို့ ထုတ်လုပ်ရာတွင် ခွေးရူးရောဂါပိုးသည် လူကို ကူးစက်စေနိုင်သည့်အပြင် အန္တရာယ်ဖြစ်နိုင်ခြေမြင့်မားခြင်း၊ ကာကွယ်ဆေး ထုတ်လုပ်သူများ၏ အာရုံကြောဆိုင်ရာ ကျန်းမာရေး ထိခိုက်မှုရှိနိုင်သဖြင့် ဆေးထုတ်လုပ်မှုကို ရပ်ဆိုင်းခဲ့ရပါကြောင်း။

ပြည်တွင်း၌ ခွေးရူးရောဂါ ကာကွယ်ဆေး ထုတ်လုပ်နိုင်ပါက ပြည်ပမှ တင်သွင်းရမှု လျော့နည်းစေမည်ဖြစ်ပြီး ဆေးလိုအပ်အချိန်တွင် အချိန်မီ ပံ့ပိုးနိုင်မည်ဖြစ်ကြောင်း၊ ခွေးရူးရောဂါကာကွယ်ဆေး စမ်းသပ်ထုတ်လုပ်ရာတွင် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ (WOAH) က သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရန်နှင့် ကာကွယ်ဆေး ထုတ်လုပ်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း ထည့်သွင်းစီမံရန်ဖြစ်ကြောင်း၊ ခွေးရူးရောဂါကာကွယ်ဆေးသည် လူ့အသက်ပေါင်းများစွာ ကယ်တင်ပေးနိုင်သည့် အရေးပါဆုံးလုပ်ငန်းဖြစ်သည်နှင့်အညီ ခွေးရူးရောဂါကာကွယ်ဆေး ထုတ်လုပ်ရာ၌ လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာများ၊ အားသာချက်၊ အားနည်းချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြပါရန် မှာကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ခွေးရူးရောဂါကာကွယ်ဆေးထုတ်လုပ်ခဲ့မှု အခြေအနေနှင့် ခွေးရူးရောဂါကာကွယ်ဆေး အရည်အသွေး စစ်ဆေးခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသည့် ပညာရှင်များ၊ ကုမ္ပဏီများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး ဌာနခွဲ (VMS) (နေပြည်တော်) သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ငါးမျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရေး၊ ငါးသယံဇာတမျိုးစိတ်များ ထိန်းသိမ်းရေး၊ တရားမဝင် ငါးဖမ်းဆီးမှုများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထို့အတူ နို့စားနွားသရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ (နေပြည်တော်) တွင် နို့စားနွားများ မွေးမြူထားရှိမှုနှင့် ဒိန်ချဉ်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး နို့စားနွားမွေးမြူရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ကျိုက်မရောမြို့၌ ၂၀၂၅ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေးပေး

**ကျိုက်မရော အောက်တိုဘာ ၂၃**

ကျိုက်မရောမြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ခွဲ)မှ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ရာသီအလိုက် ထုတ်ပေးလျက်ရှိရာ အောက်တိုဘာ ၂၂ ရက်ကစတင်၍ တောင်သူများထံ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ကျိုက်မရောဘဏ်ခွဲအနေဖြင့် ချေးငွေစတင်ထုတ်ချေးပေးသည့် ပထမနေ့တွင် ကျိုက်မရောမြို့နယ်အတွင်းရှိ ဦးလေးကျေးရွာနှင့် အထရံပေါလောကျေးရွာရှိတောင်သူ ၂၈ ဦး ၊စိုက်ဧက ၂၁၈ ဧကအတွက် ချေးငွေကျပ် ၃၂၇၀၀၀၀၀၊ ဦးလေးကျေးရွာမှ တောင်သူ ၁၂ ဦး၊ စိုက်ဧက ၇၆ ဧကအတွက် ချေးငွေကျပ် စုစုပေါင်း ၁၁၄၀၀၀၀၀ တို့ကို အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူဦးကြီးများ လက်ဝယ်အရောက် စနစ်တကျ ထုတ်ပေးလျက်ရှိပြီး လျာထားချက်ပြည့်မီစေရေးအတွက် ဆောင်းသီးနှံစိုက်ပျိုးမည့် ကျေးရွာများအား ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မန်နေဂျာ ဦးမင်းသက်စံထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



---

## မကူးစက်နိုင်သောရောဂါများနှင့်ပတ်သက်သည့် လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မကူးစက်နှင့် ကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုလျော့ကျစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ညောင်လေးပင်မြို့ ဝါးရုံကုန်းကျေးရွာအတွင်းသို့ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောကလျာ၏ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ညောင်လေးပင်မြို့ ဝါးရုံကုန်းကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်၍ မကူးစက်နိုင်သောရောဂါများဖြစ်သော နှလုံးနှင့်နှလုံးသွေးကြောရောဂါ၊ ဆီးချို၊ သွေးတိုး၊ နာတာရှည်အဆုတ်ရောဂါနှင့်ပတ်သက်သည့် လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေမှုကို ကြီးကြပ်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် လူနာများအားကြည့်ရှုစောင့်ရှောက်ပေးခြင်း၊ ငှက်ဖျားသွေးဖောက်စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



---

❏ *ကျောဖုံးမှ*

ကာယပညာဦးစီးဌာန တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ရေဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက သုံးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း) ၌ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မွန်ပြည်နယ်အသင်းက နှစ်ဂိုး – ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်အဖြစ် အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ(စက်ဘီးကွင်း)၌ ရေဝတီတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

အနိုင်ဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ထို့ပြင် ဖရန့်ဖတ်အသင်းသည် ပွဲအစပိုင်းမိနစ်များတွင်သာ လီဗာပူးအသင်းကို အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့ပြီး ပွဲကစားချိန်ကြာလာသည်နှင့်အမျှ ပြိုင်ဘက်လီဗာပူးအသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ဟန့်တားကာကွယ်ခဲ့ရသည် ။

နိုင်ပွဲရရေး အားစိုက်ကစားလာသည့် လီဗာပူးအသင်းက ဖရန့်ဖတ်အသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု ၁၈ ကြိမ်ရှိခဲ့ပြီး ၁၄ ကြိမ်အထိ ဂိုးပေါက်တည့်မတ်ခဲ့သည်။ ထို့ပြင် လီဗာပူးအသင်းသည် ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေး ဖန်တီးမှုပိုင်းတွင်လည်း ၁၀ ကြိမ်အထိ ရှိခဲ့သည်။ လီဗာပူးအသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့သည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သုံးပွဲကစားပြီး နှစ်ပွဲနိုင် တစ်ပွဲရှုံး ရလဒ်ရရှိထားသည်။

ပြိုင်ဘက် ဖရန့်ဖတ်အသင်းက သုံးပွဲကစားပြီး တစ်ပွဲနိုင် နှစ်ပွဲရှုံး ရလဒ်ရရှိထားသည်။ အခြား ပွဲစဉ်ရလဒ်များတွင် ဘိုင်ယန်မြူးနစ်က ကလပ်ဘရူဂေးကို လေးဂိုး–ဂိုးမရှိ၊ ချယ်ဆီးက အိုင်းယက်စ်ကို ငါးဂိုး–တစ်ဂိုး၊ ရီးရဲမက်ဒရစ်က ဂျူဗင်တပ်စ်ကို တစ်ဂိုး – ဂိုးမရှိ၊ စပို့တင်းက မာဆေးလ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့ပြီး မိုနာကိုနှင့် စပါးအသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည်။

**အောင်ဇော်**

---

*စာမျက်နှာ ၁၀ မှ*

**ကမ္ဘာလုံးဆိုင်ရာ Sustainable Development Goal( SDG) ရည်မှန်းချက်အတွက် အထောက်အပံ့ဖြစ်ခြင်း** – SDG goal 6 (သန့်ရှင်းသောရေနှင့်သန့်ရှင်းရေး)ကို ပြည့်မီအောင် လက်ဆေးရေးလှုပ်ရှားမှုများဖြင့် အထောက်အကူပြုခြင်းဟူသော ရည်မှန်းချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

လက်ဆေးခြင်းသည် ရိုးရှင်းသော်လည်း ကျွန်ုပ်တို့၏ အနာဂတ်ဘဝတစ်လျှောက် ကျန်းမာရေးအတွက် စွမ်းအားအရှိဆုံး အလေ့အကျင့်တစ်ခုဖြစ်သည်။ **“လက်ဆေးခြင်းဖြင့် အနာဂတ်ကို အတူတူကာကွယ်ကြစို့”** ဆိုသည့်အတိုင်း ဤရိုးရှင်းသော အလေ့အထကို လူတိုင်းအကျိုးရှိစွာ အသုံးချနိုင်ရန် အတူလက်တွဲဆောင်ရွက်ရမည့် အဓိပ္ပာယ် သက်ရောက်နေပါသည်။ ဆပ်ပြာနှင့် ရေရှိခြင်းသည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည်။ ကျောင်းဆရာတစ်ဦးအနေဖြင့် ကလေးငယ်တိုင်း လက်ဆေးတတ်အောင် သင်ကြားပေးခြင်း၊ ရပ်မိရပ်ဖတစ်ဦးအနေဖြင့် အများပြည်သူသုံးလက်ဆေးစင်များ တည်ဆောက်ပေးခြင်း၊ မိဘတစ်ဦးအနေဖြင့် မိသားစုဝင်တိုင်းအား လက်ဆေးရန် နမူနာကောင်းပြခြင်း၊ မည်သူတစ်ဦးတစ်ယောက်မဆို မိမိနေထိုင်ရာ ပတ်ဝန်းကျင်တွင် လက်ဆေးခြင်း၏အရေးပါမှုကို ပြန်လည်မျှဝေခြင်းတို့သည် ဤအနာဂတ်ကာကွယ်ရေးတွင် အရေးပါသော ခြေလှမ်းများပင်ဖြစ်သည်။ ကျွန်ုပ်တို့၏လက်များသည် အနာဂတ်ကို ဖန်တီးနိုင်သော လက်များဖြစ်သည်။

ယခုပင် ဆပ်ပြာဖြင့် စနစ်တကျလက်ဆေးခြင်းဖြင့် ပိုမိုကျန်းမာသန်စွမ်းသော မိသားစုများ၊ ကျေးရွာများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ခုလုံးအတွက် အနာဂတ်ကောင်းတစ်ခုကို စတင်အကောင်အထည်ဖော်ကြပါဟု တိုက်တွန်းအပ်ပါသည်။ ။

# Online လောင်းကစားလုပ်ကိုင်နေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၃** နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းစီးပွားရေးတည်ငြိမ်စေရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိရာ အချို့သောဝိသမလောဘသား စီးပွားရေးလုပ်ငန်းရှင်များသည် Online အခြေပြုလောင်းကစား Website များ တည်ထောင်၍ လူမှုကွန်ရက်များပေါ်တွင် ပေါ်ပေါ်ထင်ထင် ကြော်ငြာမှုများပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲရပ်ကွက် အမှတ် (၁၈၈) ရှိ Secret Villa Private Resort ၌ Ibet 789 Online ဘောလုံးလောင်းကစား Website လုပ်ငန်း လုပ်ကိုင်နေသူများ ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ Super Senior Agent ဖြစ်သူ ယဉ်မင်းလှိုင်နှင့် မာရီယာ(ခ)မီးလေး၊ Senior Agent ဖြစ်သူ ဝင်းပပအောင်တို့အပါအဝင် တရားခံ ၁၄ ဦးနှင့် လက်ကိုင်ဖုန်း ၂၃ လုံး၊ မော်တော်ယာဉ်သုံးစီးတို့ကိုလည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းရပ်ကွက် ရတနာလမ်း အမှတ်(၉၉)ရှိ The Lord စားသောက်ဆိုင်အနီး၌ Super Senior Agent ဖြစ်သူ ဖြိုးမင်းသူ(ခ) ရောင်နီ အပါအဝင် တရားခံ သုံးဦးနှင့်အတူ လက်ကိုင်ဖုန်းငါးလုံး၊ မော်တော်ယာဉ်သုံးစီးတို့ကိုလည်းကောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၁) ခေမာလမ်း အမှတ် (၆၇၆) ရှိ နေအိမ်၌ Ibet 789 Online လောင်းကစား လုပ်ငန်းလုပ်ကိုင်ရန် စည်းရုံးသိမ်းသွင်းခဲ့သည့် Super Senior Agent ဖြစ်သူ ဇင်မင်းအောင်(ခ) ဇင်ကြီးအပါအဝင် တရားခံသုံးဦးနှင့်အတူ လက်ကိုင်ဖုန်း ခုနစ်လုံး၊ လက်တော့ပ် တစ်လုံး၊ မော်တော်ယာဉ် တစ်စီးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် လမ်း ၄၀၊ ၅၃ လမ်းနှင့် ၅၄ လမ်းကြားရှိ Focus ဟိုတယ်၌ Super Senior Agent ဖြစ်သူ ပြည့်ဖြိုးအောင် (ခ) မင်းထက်၊ Agent ဖြစ်သူ မေမြတ်နိုးတို့နှင့်အတူ လက်ကိုင်ဖုန်း ငါးလုံး၊ လက်တော့ပ် တစ်လုံး၊ မော်တော်ယာဉ် တစ်စီးတို့ကို လည်းကောင်း၊ အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၁၂)ရပ်ကွက် Eleven Minimart ရှေ့၌ ခင်မောင်ဖြိုး(ခ)ဇော်ဝင်း အပါအဝင် တရားခံငါးဦးနှင့်အတူ လက်ကိုင်ဖုန်း ကိုးလုံး၊ Tablet နှစ်လုံးတို့ကို လည်းကောင်း ထပ်မံဖော်ထုတ် ဖမ်းဆီးရမိခဲ့သည်။

စိစစ်ဖော်ထုတ်ချက်များအရ ၎င်းတို့သည် Ibet 789 Online ဘောလုံးလောင်းကစား Website၊ 555 Mix ဘောလုံးလောင်းကစား Website၊ Moung 556 ဘောလုံးလောင်းကစား Website၊ Batman 688 Slot လောင်းကစား Website၊ Shan 234 ဖဲလောင်းကစား Website နှင့် 2D/3D လောင်းကစား Website စသည့် လောင်းကစားလုပ်ငန်းတို့တွင် ကော်မရှင်စား Agent များအဖြစ် အလုပ်လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားရကြောင်း၊ Agent အဖြစ် လုပ်ကိုင်ခွင့်ရရှိပါက User များ ရရှိရန်အတွက် ၎င်းတို့၏သက်ဆိုင်ရာ လောင်းကစား Website များ၏ Facebook Group နှင့် Telegram Group တို့တွင် Viber ဖုန်းနံပါတ်များပါရှိသည့် သက်ဆိုင်ရာ လောင်းကစားကြော်ငြာပုံများအား ကြော်ငြာပေးရကြောင်း၊ ၎င်းနောက် User များမှ Viber သို့ ဆက်သွယ်လာသည့်အချိန်တွင် Agent များမှ လောင်းကစား Website များတွင် ဝင်ရောက် ဆော့ကစားနိုင်ရန် အကောင့် ဖွင့်လှစ်ပေးကြောင်း၊ Agent လုပ်ကိုင်နေစဉ် User များ ပိုမိုရှာဖွေနိုင်ပါက Senior Agent အဖြစ်သို့ ပြောင်းလဲလုပ်ကိုင်နိုင်ကြောင်း၊ Senior Agent လုပ်ကိုင်နေစဉ် ကော်မရှင်စား Agent များနှင့် User များ ပိုမိုရှာဖွေနိုင်ပါက Super Senior Agent အဖြစ်သို့ ပြောင်းလဲ လုပ်ကိုင်နိုင်ကြောင်း စိစစ်သိရှိရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ Super Senior Agent များဖြစ်သူ ဇင်မင်းအောင်(ခ)ဇင်ကြီး၊ ဖြိုးမင်းသူ(ခ)ရောင်နီ၊ ပြည့်ဖြိုးအောင် (ခ) မင်းထက်၊ ယဉ်မင်းလှိုင်၊ မာရီယာနှင့် ခင်မောင်ဖြိုး (ခ)ဇော်ဝင်းတို့ ခြောက်ဦးမှ ချိတ်ဆက်ထားသည့် လောင်းကစား Website ရှိ Distributor Agent များထံမှ လောင်းကစားမှုပြုလုပ်နိုင်သည့် ယူနစ်များအား ဝယ်ယူပြီး Senior Agent များဖြစ်သူ ဝင်းပပအောင်နှင့် သက်ဖြိုးနိုင်တို့နှစ်ဦးအပါအဝင် Senior Agent များအား ညှိနှိုင်းဈေးနှုန်းဖြင့် ပြန်လည်ရောင်းချကြောင်း၊ ထို့နောက် Senior Agent များမှ Master Agent များ၊ Agent များဖြစ်သူ သူရအောင်၊ သိန်းထိုက်အေး၊ မေမြတ်နိုး၊ အောင်မင်းခန့်၊ သိန်းထိုက်စံ၊ ကောင်းမြတ်သူ၊ ထက်ထက်နိုင်၊ ချမ်းမို့မို့ဖြိုး၊ ရတနာတိုးဝေနှင့် သဉ္ဇာငြိမ်းတို့ ၁၀ ဦးအပါအဝင် Agent များနှင့် လောင်းကစားမှုပြုလုပ်သည့် User များထံသို့ အဆင့်ဆင့်ငွေကြေးအမြတ်ယူ၍ ပြန်လည်ရောင်းချကြောင်း၊ ငွေလွှဲ/ ငွေထုတ်ပြုလုပ်ခြင်းများအား *စာမျက်နှာ ၁၃ သို့*

တရားမဝင် Online လောင်းကစားလုပ်ငန်းလုပ်ကိုင်သူများအား ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေအနေ။






မင်္ဂလာဒုံမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ်ဆောင်ရွက်နေသူ ယဉ်မင်းလှိုင် အပါအဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦး၏ မှတ်တမ်းဓာတ်ပုံ။



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ခင်မောင်ဖြိုး(ခ)ဇော်ဝင်း အပါအဝင် ငါးဦး၏ မှတ်တမ်းဓာတ်ပုံ။



ရန်ကင်းမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ဖြိုးမင်းသူ(ခ)ရောင်နီ အပါအဝင် သုံးဦး၏ မှတ်တမ်းဓာတ်ပုံ။



မန္တလေးမြို့၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ပြည့်ဖြိုးအောင်(ခ)မင်းထက်နှင့် မေမြတ်နိုးတို့၏ မှတ်တမ်းဓာတ်ပုံ။



ပြင်ဦးလွင်မြို့၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ဇင်မင်းအောင်(ခ)ဇင်ကြီး အပါအဝင် သုံးဦး၏ မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၂ မှ*
မိုးဟိဏ်းထွန်း၊ ဇော်ထိုက်အောင်၊ ဟိန်းဇော်ဦး၊ စုပုံချစ်နှင့် မေသဇင်ထွန်း၊ အေးချမ်းအောင်၊ လှုံဖုန်းပိုင်၊ ဟိန်းသီဟ (ခ)ဂျိုကာ နှင့် ငြိမ်းချမ်းမင်းတို့ ကိုးဦးအပါအဝင် ငွေလွှဲ/ငွေထုတ်ပြုလုပ်သူများမှ KBZ Special Account၊ KBZ Bank Account၊ AYA Bank Account၊ YOMA Bank Account၊ CB Bank Account၊ UAB Bank Account၊ A Bank Account၊ AYA Pay Account၊ Kpay Account နှင့် Wavepay Account များ အသုံးပြု၍ ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရသည်။

ဖြစ်စဉ်တွင် Online လောင်းကစား လုပ်ငန်းလုပ်ကိုင်သူ တရားခံ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၇ ဦး အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ လက်ကိုင်ဖုန်း ၄၉ လုံး၊ လက်တော့ပ်နှစ်လုံး၊ Tablet နှစ်လုံး၊ မော်တော်ယာဉ်ရှစ်စီးတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ထိရောက်စွာ အမှုဖွင့်လှစ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ထိုကဲ့သို့ Online လောင်းကစားလုပ်ငန်း ပြုလုပ်နေသူများအား သိရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့ပါရန် အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်



မအူပင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးငွေနှင့် တပ်ဖွဲ့ဝင်များ၊ ပူးပေါင်းအဖွဲ့က မြို့နယ်အတွင်းရှိ လမ်းမကြီးများနှင့် လမ်းများ၌ အောက်တိုဘာ ၂၁ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်စဉ်။

အောင်မြင့်မြတ်(ပြန်/ဆက်)

အိမ်မဲမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက မြို့ပေါ် ရပ်ကွက်၊ ကျေးရွာများအတွင်း အောက်တိုဘာ ၂၁ ရက်က အသံချဲ့စက်ဖြင့် မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လှည့်လည်သတိပေးနှိုးဆော်စဉ်။ ချစ်သက်လယ်(ပြန်/ဆက်)





မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးထက်ပိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ လူစည်ကားရာ ရပ်ကွက်၊ လမ်းဆုံများ၌ အောက်တိုဘာ ၂၂ ရက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံသတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်စဉ်။

ရဲကိုမောင်(ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ *ကျော့ဖုံးမှ*

ကလေးမြို့သို့ သယ်ဆောင်ခိုင်းသူမှာ မန်တုံမြို့နယ်နေ ယောရှု (ဖမ်းဆီးရန်ကျန်) ဖြစ်ကြောင်း သိရသည်။

အလားတူ မူးယစ်ဆေးဝါးများအား မိုင်းရယ်မြို့ဘက်မှ သယ်ဆောင်လာကြောင်း သတင်းကွင်းဆက်အရ ဆက်လက်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ တောင်ဖီလာရပ်ကွက်တွင် ကျော်ငွေး မောင်းနှင်လာသည့် FORLAND အမျိုးအစား မော်တော်ယာဉ်ပေါ်မှ ဘိန်းဖြူ ၂၉ ဒသမ ၂၃ ကီလို ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိ ဘိန်းဖြူများအား ဝယ်ယူသူ ပေါင်ရှန်းဟောက်(ခ)ကိုချင်းကို ယင်းနေ့ ညနေ ၅ နာရီတွင် ကလေးမြို့ စက်မှုဇုန်သွားလမ်း၌ မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဘိန်းဖြူများအား မိုင်းရယ်မြို့မှ ကလေးမြို့နယ်သို့ တာဝန်ခံ သယ်ဆောင်ခဲ့သူများ ဖြစ်သည့် လီလေးကို ယင်းနေ့ ညနေ ၆ နာရီတွင် ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက်ရှိ ဟိုတယ်တစ်ခု၌ လည်းကောင်း၊ စိုးမြင့်(ခ)ကုလားလေးကို အောက်တိုဘာ ၁၆ ရက် ညနေ ၅ နာရီတွင် လားရှိုးမြို့ ရပ်ကွက်(၇)၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှု ဖြစ်စဉ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ဒသမ ၂ သိန်း(၎င်းဒေသ တန်ဖိုးငွေကျပ် ၁၃ ဒသမ ၀၄ ဘီလီယံ)နှင့် ဘိန်းဖြူ ၂၉ ဒသမ ၂၃ ကီလို (၎င်းဒေသ တန်ဖိုးငွေကျပ် ၁ ဒသမ ၄၆၁၅ ဘီလီယံ) စုစုပေါင်း ၎င်းဒေသ တန်ဖိုးငွေကျပ် ၁၄ ဒသမ ၅၀၁၅ ဘီလီယံ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




တရားခံ ပေါင်ရှန်းဟောက်(ခ)ကိုချင်း၊ ကျော်ငွေး၊ လီလေးနှင့် စိုးမြင့်(ခ)ကုလားလေးတို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။



နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာနှင့် ကျောင်းကုန်းကျေးရွာတို့၌ အောက်တိုဘာ ၂၂ ရက်က မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်ရာ ပုဗ္ဗသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးညီညီမင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာအတွင်းရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်း သွားရောက်စစ်ဆေးစဉ်။

အောင်ကို(ပုဗ္ဗသီရိ)

**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကမ္ဘောဒီးယားနိုင်ငံက အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော်တန်ဖိုးရှိ အဝတ်အထည်၊ ရှူးဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းများ တင်ပို့နိုင်

**ဖနောင်ပင် အောက်တိုဘာ ၂၃**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမကိုးလအတွင်း အဝတ်အထည်၊ အထည်အလိပ်၊ ရှူးဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂ ဘီလီယံပမာဏကို တင်ပို့နိုင်ခဲ့ကြောင်း၊ အဆိုပါ ပမာဏမှာ ယမန်နှစ်ကထက် ၁၆ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း အောက်တိုဘာ ၂၃ ရက်တွင် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၃ ဘီလီယံတန်ဖိုးရှိသည့် အဝတ်အထည်များကို တင်ပို့နိုင်ခဲ့ရာ ယမန်နှစ်ကထက် ၁၆ ဒသမ ၈ ရာခိုင်နှုန်းတိုးလာကြောင်း၊ အလားတူ အမေရိကန်ဒေါ်လာ ၅၀၅ သန်း တန်ဖိုးရှိသည့် အထည်လိပ်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ခဲ့သဖြင့် ၃၄ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

ထို့ပြင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄ ဘီလီယံတန်ဖိုးရှိ ဖိနပ်များကို တင်ပို့နိုင်ခဲ့ရာ ယမန်နှစ်ကထက် ၂၆ ဒသမ ၇ ရာခိုင်နှုန်း၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃ ဘီလီယံရှိ ခရီးသွားကုန်ပစ္စည်းနှင့် အိတ်များကို နိုင်ငံတကာဈေးကွက်သို့ ရောင်းချနိုင်ခဲ့ရာ ၃ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးတိုးလာကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အဝတ်အထည်၊ အထည်လိပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းကဏ္ဍသည် ကမ္ဘောဒီးယားနိုင်ငံအတွက် နိုင်ငံခြားငွေအများဆုံးရရှိကြောင်း၊ ယင်းကဏ္ဍမှ လက်ရှိတွင် စက်ရုံနှင့် စက်ရုံခွဲ ၁၅၀၀ ကျော်ရှိပြီး အလုပ်သမား ကိုးသိန်းကျော်ရှိကာ အများစုမှာ အမျိုးသမီးများဖြစ်ကြကြောင်း အလုပ်သမားနှင့် အသက်မွေးဝမ်းကျောင်းလေ့ကျင့်မှုဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**





# အမေရိကန်ထုတ် တိုယိုတာကားများကို ဂျပန်နိုင်ငံသို့ တင်သွင်းရန် တိုယိုတာဥက္ကဋ္ဌ စဉ်းစား

**တိုကျို အောက်တိုဘာ ၂၃**

တိုယိုတာ ကားထုတ်လုပ်ရေးကုမ္ပဏီသည် ထရမ့်အစိုးရ၏ အကောက်ခွန်အစီအမံများကို ဖြေရှင်းရန် အမေရိကန်ထုတ် တိုယိုတာ မော်တော်ယာဉ်များကို ဂျပန်နိုင်ငံသို့တင်သွင်းရန် စဉ်းစားနေကြောင်း တိုယိုတာမော်တာအကြီးအကဲက ပြောကြားလိုက်သည်။

တိုယိုတာသည် အမေရိကန်၏ ကားထုတ်လုပ်ရေးလုပ်ငန်း အဖွဲ့ဝင်တစ်ဦးအနေဖြင့် ဆက်လက် ရပ်တည်သွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ ဆာတိုကိုဂျီက ပြောကြားလိုက်သည်။

ကုမ္ပဏီသည် သွင်းကုန်-ပို့ကုန် စာရင်းလက်ကျန်နှင့် ပတ်သက်ပြီး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်ထုတ် တိုယိုတာ မော်လ်ဒယ်အလိုက် ကားများကို ဂျပန်နိုင်ငံသို့ တင်သွင်းခြင်းသည် အမေရိကန်၏ ကုန်သွယ်မှုလိုငွေကို ဖြတ်တောက်ရန် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ဂျပန်အစိုးရသည် ကားထုတ်လုပ်သူများ၏ အမေရိကန်ထုတ် မော်တော်ယာဉ်များကို ဂျပန်နိုင်ငံသို့ တင်သွင်းနိုင်စေမည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးသင့်သည်ဟု ဆာတိုကိုဂျီက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ဂျပန်၌ မိုင်ကိုပလာစမာ ရောဂါကူးစက်မှုမြင့်မားနေ

**တိုကျို အောက်တိုဘာ ၂၃**

ဂျပန်နိုင်ငံတွင် မိုင်ကိုပလာစမာ အဆုတ်ရောင်ရောဂါဖြစ်ပွားမှု မြင့်မားလျက်ရှိသည်။ ကလေးများကို အများဆုံးကူးစက်တတ်သော မိုင်ကို ပလာစမာရောဂါသည် အမှုန်အမွှားများနှင့် လူချင်းထိတွေ့မှုများမှ ကူးစက်ပျံ့နှံ့သည်။ ၎င်း၏ ရောဂါလက္ခဏာများမှာ ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်းနှင့် မောပန်းနွမ်းနယ်ခြင်းတို့ဖြစ်သည်။

နိုင်ငံတစ်ဝန်း ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းပေါင်း ၅၀၀ ခန့်မှ အစီရင်ခံစာများကို ဂျပန်ကျန်းမာရေး လုံခြုံရေးအင်စတီကျူက လက်ခံရရှိခဲ့သည်။ ဂျပန်နိုင်ငံတွင် လွန်ခဲ့သည့်နှစ် ဆောင်းရာသီက မိုင်ကိုပလာစမာရောဂါဖြစ်ပွားမှုနှုန်း မြင့်မားခဲ့သည်။ ရောဂါအကြီးအကျယ် ကူးစက်မှုမှာ နှစ်နှစ်ဆက်တိုက်ဖြစ်ပွားနိုင်ခြေရှိသည့်အတွက် လူနာဦးရေ တိုးလာနိုင်သေးကြောင်း ကာဝါဆာကီ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သူ အိုအီရှိတိုမိုဟီရိုက ပြောသည်။

ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းနှင့် လက်ဆေးခြင်းတို့မှာ ရောဂါကူးစက်မှုကို အဓိကကာကွယ်ပေးသည့် နည်းလမ်းများဖြစ်သည်။

ယခင်ပန်းနာရင်ကြပ်ရောဂါရှိသူများ ဂရုစိုက်ကြရန်လည်း ၎င်းက သတိပေးထားသည်။ ရောဂါကူးစက်မှုအစပျိုးရန် နှစ်ပတ်ကြာမြင့်သည့်အတွက် ရောဂါရှိသူနှင့် ထိတွေ့မိသူများ မိမိကိုယ်ကို သတိထားစောင့်ကြည့်ရန်နှင့် ရောဂါလက္ခဏာများ ပြလာပါက ဆရာဝန်နှင့် ပြသကြရန်လည်း သတိပေးထားသည်။ **အင်န်အိတ်ချ်ကေ**



# မွန်ဂိုလီးယားနိုင်ငံ၏ နယ်မြေ ၅၀ ရာခိုင်နှုန်းခန့် နှင်းများဖုံးလွှမ်းနေ

**အူလန်ဘာတာ အောက်တိုဘာ ၂၃**

မွန်ဂိုလီးယားနိုင်ငံ၏ နယ်မြေ ၅၀ ရာခိုင်နှုန်းခန့်မှာ ယခုအခါ နှင်းများ ဖုံးလွှမ်းလျက်ရှိကြောင်း နိုင်ငံ၏ အမျိုးသားမိုးလေဝသနှင့် ပတ်ဝန်းကျင် စောင့်ကြည့်ရေးအေဂျင်စီက အောက်တိုဘာ ၂၃ ရက်တွင် ထုတ်ပြန်ထားသည်။



အောက်တိုဘာ ၂၀ ရက်အထိ နိုင်ငံ၏ စုစုပေါင်းနယ်မြေ ၄၆ ရာခိုင်နှုန်းထက်မနည်း နှင်းအထူ ၃၀ စင်တီမီတာအထိ ဖုံးလွှမ်းခဲ့ကြောင်း မိုးလေဝသစောင့်ကြည့်ရေးအေဂျင်စီက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

Dzud သည် အလွန်အေးသည့် ဆောင်းရာသီကို ဖော်ပြရန်အတွက် မွန်ဂိုလီးယား ဝေါဟာရတစ်ခုဖြစ်ပြီး ယင်းကြောင့် မြေပြင်၌အေးခဲခြင်းနှင့် နှင်းများဖုံးလွှမ်းခြင်းတို့ကြောင့် တိရစ္ဆာန်အမြောက်အမြား သေဆုံးခဲ့ရကြောင်း သိရသည်။

မွန်ဂိုလီးယား နိုင်ငံတွင် ကြာရှည်ပြီး အလွန်အေးသော ဆောင်းရာသီများနှင့် တိုတောင်းသည့်နွေရာသီများရှိ၍ ၎င်း၏ ပြင်းထန်သည့် ရာသီဥတုကြောင့် လူသိများကြောင်း သိရသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှား၌ ဆည်မြောင်းတာတမံ ၁၅ ခု တိုးမြှင့်တည်ဆောက်

**ဂျကာတာ အောက်တိုဘာ ၂၃**

အင်ဒိုနီးရှားနိုင်ငံ၏ စားရေရိက္ခာဖူလုံရေးအတွက် အစိုးရ၏ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် တည်ဆောက်ဆဲ ဆည် ၁၅ ခုကို ပြီးစီးအောင် နိုင်ငံ၏ ပြည်သူ့လုပ်ငန်းတာဝန်ဝန်ကြီးဌာနက အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ရေရှည်အကျိုးဖြစ်ထွန်းစေရေးအတွက် ဆည်မြောင်းကွန်ရက်များ ပြန်လည်ထူထောင်ရေးနှင့်အတူ ပြည်သူများလက်တွဲဆောင်ရွက်ရမည်ဟု ပြည်သူ့လုပ်ငန်းတာဝန်ဝန်ကြီးဌာန ဝန်ကြီးဒိုဒီဟန်ဂိုဒူကပြောသည်။ ၂၀၂၉ ခုနှစ်မတိုင်မီ ဆည် ၁၅ ခုပြီးစီးအောင် လုပ်ဆောင်မည်ဖြစ်သည်။

လုပ်ငန်းများလည်ပတ်ပြီးသည်နှင့် ဆည်မြောင်းဝန်ဆောင်မှုဧရိယာ ၁၈၄၅၁၅ ဟတ်တာမှ ၂၆၃၀၅၅ ဟတ်တာအထိလည်းကောင်း၊ စိုက်ပျိုးဧရိယာ ၂၇၇၇၇၅ဟတ်တာမှ ၄၈၃၁၆၃ ဟတ်တာအထိလည်းကောင်း တိုးချဲ့ဝန်ဆောင်မှုပေးနိုင်မည်ဟု ခန့်မှန်းထားသည်။ ပိုမိုကောင်းမွန်သည့် ရေသွင်းစိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်နှုန်းမှာ တန်ချိန် ၁ ဒသမ ၄ သန်းမှ ၂ ဒသမ ၃၄ အထိ တိုးမြှင့်ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။ **ဆင်ဟွာ**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၁၈ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ- မဲ့ထော်သလေး(KK Park) နယ်မြေမှ အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ စုစုပေါင်းပြည်ပနိုင်ငံသား ၁၁၈ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၉၆၆၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီစနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၃၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## အသက် ၁၀၂ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

**မြစ်ကြီးနား အောက်တိုဘာ ၂၃**

ကချင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးဖြစ်သူ တပ်သားဒေါင်းလွမ်း(အငြိမ်းစား) အား အသက် ၁၀၂ နှစ်ပြည့် ဂါရဝပြု ဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက ဂါရဝပြုနှုတ်ဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ် ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးဖြစ်သူ တပ်သားဒေါင်းလွမ်း(အငြိမ်းစား)ထံ ဂါရဝပြုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





## အောင်မြေသာစံမြို့နယ်၌ မီးသတ်ယာဉ်များ ရေပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်း မီးလောင်မှုနှင့် မီးလန့်မှုများလျော့နည်းကျဆင်းလာစေရေးနှင့် မီးလောင်ပြင်တွင် မီးသတ်ယာဉ်များ ရေပြတ်တောက်မှုမရှိစေရေးအတွက် အောက်တိုဘာ ၂၃ ရက်က ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်ရှိ မီးသတ်ယာဉ်ရှစ်စီးအား ရေတစ်ပြိုင်တည်း ဖြည့်တင်းနိုင်သော Water Pump House အား တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်နှင့် တပ်ဖွဲ့ဝင်များသည် မီးသတ်စက်များနှင့် မီးသတ်ရေပိုက်ခေါင်းများ ကောင်းမွန်မှု ရှိ/ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး



ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်း မီးလောင်မှုနှင့် မီးလန့်မှုများမဖြစ်ပေါ်စေရေး အောက်တိုဘာ ၂၂ ရက်က မြို့နယ်အတွင်းရှိ ရပ်ကွက်များအလိုက် မီးဘေးအသိပညာပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များဖြင့် ရပ်ကွက်များအတွင်း လိုက်လံအသိပေးနှိုးဆော်စဉ်။ သက်မင်းဟန်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Ko Pyae” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ခလုပ်ကျေးရွာနေ ကံသာအား မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ခလောက်ချိုက်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၃** ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ အောင်မြေစံကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ (ဃာပုံ)

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၃၀ အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သည့်သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## စစ်တွေမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**စစ်တွေ အောက်တိုဘာ ၂၃** ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၏ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း မိုးစပါးစိုက်ဧက ၈၅၄၂ ဧက စိုက်ပျိုးခဲ့ပြီး မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အနောက်စံပြရပ်ကွက် ကွင်းအမှတ်(၂၃-ဃ)၊ ဦးပိုင်အမှတ်(၈၂) တောင်သူ ဦးမာမောက် လယ်မြေသုံးဧကတွင် မိုးစပါး စံကွက် ရိတ်သိမ်းခဲ့သည်။



အဆိုပါ မိုးစပါး စံကွက် ရိတ်သိမ်းရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးပိုင်သက်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်သန့်အောင်နှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြပြီး ရေဆင်း(၃) စပါးမျိုးအား စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက စပါးတင်းအစိုး ၈၃ ဒသမ ၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ အောက်တိုဘာ ၂၂ ရက်က မြို့နယ်အတွင်း မီးဘေး ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးတေဇာလင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် တစ်စီးဖြင့် လှည့်လည်ဆော်သြစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## "တန်ဆောင်တိုင်ချစ်သူ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၂၂** မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ **"တန်ဆောင်တိုင်ချစ်သူ" တေးဂီတဖျော်ဖြေပွဲကို** အောက်တိုဘာ ၂၄ ရက် (သောကြာနေ့) ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**"တန်ဆောင်တိုင်ချစ်သူ"** တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် တေးသံရှင်များဖြစ်ကြသည့် ရှာ၊ D ဖြိုး၊ ကောင်းမိုးယံ၊ အောင်သူစန်း၊ မိုးပြည့်ပြည့်မောင်၊ သဥ္ဇာမြင့်မိုရ်၊ မေ့ချစ်သက်၊ ထက်ထက်စိုးစံ၊ ချိုသဲဦးနှင့် ခင်ဘုန်းမြတ်သာတို့က မြန်မာတို့၏ (၁၂) လရာသီပွဲတော်များအနက် တစ်ခုဖြစ်သည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် ပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲကြပုံနှင့် သာယာကြည်နူးဖွယ်ကောင်းပုံတို့ကို ရေးဖွဲ့သီကုံးထားသည့် တေးသီချင်းကောင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App ၏ Entertainment Sector နှင့် MRTV Tele-gram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်သည့်အပြင် အောက်တိုဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်နှင့်ရေယာဉ်ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက်တွင် လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ၂၁၆ တန်၊ အခြားသစ် ၁ ဒသမ ၃၅၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၅၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် မြစ်သားမြို့နယ်၊ သာစည်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ၂၂ ရက်တွင်




မုတ္တမဆိပ်ကမ်း (ရွှေပြည်သာ) ၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀၆ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၅၅ မျိုး၊ စားသောက်ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၅၁၈၇၁၂၂) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Musk ရေယာဉ် တစ်စင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၄၀၀၆၅၂၂) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၉၉၁၉၃၆၄၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၁ ရက်တွင် ဝေါမြို့ ရှောင်ကွင်းလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၀၀၀၀၀) ကိုလည်းကောင်း၊ ထားဝယ်မြို့နယ် ပုံကျွန်းရပ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၆၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၁၆ ရက်၊ ၁၈ ရက်၊ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၂၀၇၈၉၂၀၄) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့နယ်၌ မိုးနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် အောက်တိုဘာ ၂၃**

ကျောက်ဆည်မြို့နယ် မိုးရာသီ ရဲဘော်ကြီးကျေးရွာ၌ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးထားသော ရေဆင်း-၁(စပ်မျိုး) မိုးနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးထားသော ရေဆင်း-၁(စပ်မျိုး)



နေကြာသီးနှံများကို ရဲဘော်ကြီးကျေးရွာ ကွင်းအမှတ်(၁၂၈ ဃ) ဦးပိုင်အမှတ် (၁/၁) တောင်သူဦးသန်းထွန်းက သုံးဧကနှင့် ဦးပိုင်အမှတ်(၉/၁) တောင်သူ ဦးခင်မောင်အေးက နှစ်ဧက စိုက်ပျိုးထားကြောင်း၊ တောင်သူ ဦးသန်းထွန်း၏ နေကြာစိုက်ခင်းကို ရိတ်သိမ်းခဲ့ရာ တစ်ဧက ပန်းတိုင်အထွက်နှုန်း ၅၁ ဒသမ ၄၅ တင်းထွက်ရှိကြောင်း၊ တောင်သူ ဦးခင်မောင်အေး၏ နေကြာခင်းမှာ တစ်ဧက ၅၁ တင်းထွက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ မိုးနေကြာသီးနှံများကို ကျေးရွာအုပ်စုများဖြစ်သည့် တိုက်နယ်(၁) တွင် ၄၇၃ ဧက၊ တိုက်နယ်(၂) တွင် ၁၇၅ ဧက၊ တိုက်နယ် ၄ တွင် ၇၇ ဧက၊ တိုက်နယ် ၅ တွင် ၁၀ ဧက၊ တိုက်နယ် ၆ တွင် ၄၁၁ ဧက၊ တိုက်နယ် ၇ တွင် ၁၀၈ ဧက၊ တိုက်နယ် ၈ တွင် ၁၁၂၄ ဧက၊ တိုက်နယ် ၉ တွင် ၄၈ ဧက၊ တိုက်နယ် ၁၀ တွင် ၁၂ ဧက၊ တိုက်နယ် ၁၁ တွင် ၆၄ ဧကနှင့် တိုက်နယ် ၁၂ တွင် ဧက ၁၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ငါန်းဇွန်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ငါန်းဇွန် အောက်တိုဘာ ၂၃**

ငါန်းဇွန်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းသည် အောက်တိုဘာ ၂၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေးမှုကို သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။



အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ငွေကြေးကုန်ကျမှုမရှိစေဘဲ ကျန်းမာရေးကောင်းမွန်စေရန် ရည်ရွယ်၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးမိုးအောင်၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၅၉ ဦး အား ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

## လက်ပံတန်း၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု အလှူငွေများလှူဒါန်း

**လက်ပံတန်း အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်



ရွက်ပေးလျက်ရှိရာ အဆိုပါလုပ်ငန်းများဆောင်ရွက်နိုင်ရန် လက်ပံတန်းမြို့နယ် အငြိမ်းစားဝန်ထမ်းများအသင်းနှင့် အလှူရှင်များ၏ အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းမြိုင်က အမှာစကားပြောကြားပြီး မြို့နယ်အငြိမ်းစားဝန်ထမ်းများအသင်းဥက္ကဋ္ဌ ဦးခင်အောင်က အလှူငွေများလှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လစဉ် ၂၁ ရက်နေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ငဖဲမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ငဖဲ အောက်တိုဘာ ၂၃**

ငဖဲမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့က မင်းလွင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မင်းလွင်အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သဲသဲမာက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန




ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် မြို့နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာန အားကစားမှူး ဒေါ်နန်းသီတာထွေးက လူငယ်နှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာကျော်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသားကျောင်းသူ လေးဦးက လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ဆေးလိပ်အန္တရာယ်၊ လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

**မယု(ငဖဲ)**

## လှိုင်လင်မြို့ အောင်ချမ်းသာ ငွေစုငွေချေး သမဝါယမအသင်း အစည်းအဝေးကျင်းပ

**လှိုင်လင် အောက်တိုဘာ ၂၃**

လှိုင်လင်မြို့ အောင်ချမ်းသာ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၂၁ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်အောင်က အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းအစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်နှင့် ဘဏ္ဍာရေးရှင်းတမ်းများ၊ နှစ်ချုပ်အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားပြီး အတည်ပြုခြင်းများ ဆောင်ရွက်ကြ



သည်။ ဆက်လက်၍ အသင်းသားများ၏ စုဆောင်းငွေပေါ် အတိုးချိုးမြှင့်ငွေများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်ရာ အသင်းသားကိုယ်စားလှယ်တစ်ဦးက လက်ခံယူသည်။

**လှိုင်လင်မိုး**



## မင်းလှမြို့နယ်၌ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

**အထက်မင်းလှ အောက်တိုဘာ ၂၃**

မင်းလှမြို့နယ်၌ အမျိုးသမီးရေးရာအဖွဲ့ကဦးဆောင်ပြီး ကျေးလက်ဒေသအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအဖြစ် အောက်တိုဘာ ၂၀ ရက်က ကိုင်းစံပြကျေးရွာ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငယ်ငယ်အောင်က ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ကျေးရွာဖြစ်သော ကိုင်းစံပြကျေးရွာရှိ အမျိုးသမီးရေးရာ ဆယ်အိမ်စုမှူးများနှင့် တွေ့ဆုံပြီး အမျိုးသမီးဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ပြီး အမျိုးသမီးများကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံချက်လုပ်ငန်းများနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကိုင်းစံပြကျေးရွာအတွင်းရှိ ကျေးရွာနေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးနှင့် ကျန်းမာသန့်ရှင်းစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုဆောင်ရွက်ကြသည်။

**ဝင်းမြတ်(အထက်မင်းလှ)**



## ခမောက်ကြီးမြို့၌ အသိပညာပေးဟောပြောပွဲကျင်းပ

**ခမောက်ကြီး အောက်တိုဘာ ၂၃**

ခမောက်ကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ ဘဝတိုးတက်အောင်မြင်ရေးအတွက် ကျောင်းစာများသာမက ပြင်ပအသိပညာ၊ အတတ်ပညာများကိုလည်း တတ်မြောက်ထားရန်လိုအပ်ကြောင်း၊ ထူးချွန်ထက်မြက်ရန်အတွက် ဗဟုသုတများပြည့်စုံရန် လိုအပ်ကြောင်း၊ စာအုပ်စာပေများကို လေ့လာဖတ်ရှုရန်လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ကို ဟောပြောသည်။

**ခမောက်ကြီး (ပြန်/ဆက်)**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာအသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၃**

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၂၁ ရက်က အားကစားနှင့်လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာကောင်းဇံက အားကစားနှင့်ကျန်းမာရေး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြတ်မြတ်အေးက လူငယ်နှင့် စာဖတ်ခြင်း၊ စာရေးဆရာမ မေ(ရန်ကုန်)က လူငယ်နှင့် ပညာရေး စသည့်ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးမိုးကျော်ကျော်က အားကစားပစ္စည်းများကို အထက(၃) ကျောင်းသို့ ပေးအပ်လှူဒါန်းသည်။

**မြတ်မြတ်အေး(ပြန်/ဆက်)**

## တောင်ငူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**တောင်ငူ အောက်တိုဘာ ၂၃**

တောင်ငူမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့က တောင်ငူမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ထိုသို့ကျင်းပရာတွင် တောင်ငူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး နော်ဖောဇာအေးက အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ လေးဦးက လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားကြပြီး ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူ လေးဦးအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **ခရိုင်(ပြန်/ဆက်)**

## ကြို့ပင်ကောက်မြို့နယ်၌ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး အသိပညာပေး

**ကြို့ပင်ကောက် အောက်တိုဘာ ၂၃**

ကြို့ပင်ကောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်ရေးရာ အသိပညာပေးဟောပြောခြင်းနှင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး အသိပညာပေးပွဲကို အောက်တိုဘာ ၂၁ ရက်က မူလတန်း(လွန်) လက်ပံပင်စုကျောင်း၌ ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ဝင်းက ကျောင်းသား ကျောင်းသူများအား စာဖတ်ခြင်းဖြင့်ရရှိနိုင်သော အကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းတို့နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပြီး ကလေးငယ်များအား ပုံပြင်စာအုပ်များဖတ်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။



**ဖေယျာထွန်း(ပြန်/ဆက်)**

## သရက်ချောင်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**သရက်ချောင်း အောက်တိုဘာ ၂၃**

သရက်ချောင်းမြို့နယ် သစ်တောဦးစီးဌာနမှ ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အထက(ခွဲ) တီတွတ်ပြင်ကျောင်း၌ ကျင်းပသည်။



ဦးစွာ ဟောပြောပွဲတွင် မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးဦးက ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်ပင်စိုက်ပျိုးပြုစုခြင်း မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ ဆိုးကျိုးများ ကာကွယ်နိုင်မည့်နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေးနည်းလမ်းများ၊ Fire Hot-spot များနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များ၊ သစ်တောထိန်းသိမ်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်များ လျှော့ချနိုင်မှုနှင့် ကြိုတင်ကာကွယ်ခြင်း အကြောင်းအရာများကို ဟောပြောခဲ့သည်။ **ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## သာစည်မြို့၌ လူငယ်ရေးရာဟောပြော

**သာစည် အောက်တိုဘာ ၂၃**

သာစည်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို အောက်တိုဘာ ၂၂ ရက်က သာစည်မြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုရိယခန်းမ၌ ကျင်းပသည်။

ဦးစွာ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ပြုလုပ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေး အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက ဦးဆောင်၍ လူငယ်စကားဝိုင်းကို စတင်ရာ ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်လွဲ့လွဲ့စိမ်းက ကျေးဇူးတင်စကားပြောကြားသည်။



**မြို့နယ်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့နယ် နမ့်ခင်-နမ့်ခုန်ရေနိမ့်ချောင်းကူးတံတား ဆောင်ရွက်

**ကျိုင်းတုံ အောက်တိုဘာ ၂၃**

ကျိုင်းတုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ် (မူလ) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဝမ်အင်-ဝမ်လွမ်း-ဝမ်ကန်-ဝမ်လိန်း-ဘော်ဖာလမ်း(ဝမ်အင်-ဝမ်လွမ်း) ကြား နမ့်ခင်-နမ့်ခုန် ရေနိမ့်ချောင်းကူးတံတား ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်မျိုး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျလင်း၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းလင်းနှင့် မြို့နယ်တာဝန်ခံတို့က နမ့်ခင်-နမ့်ခုန် ရေနိမ့်ချောင်းကူးတံတား အရှည် ပေ ၁၅၀၊ အနံ ၁၇ ပေ (ပထမပိုင်း)လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားနိုင်ရေး ကွင်းဆင်းကြည့်ရှုခဲ့သည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ




၂၅ - ၁၀ - ၂၀၂၅ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၇)၊ အမှတ်(၄၃)တွင် အမြဲတမ်းကြောက်တတ်သော ပိုပိုသည် အရေးကြုံလာသောအခါ သူ၏သတ္တိကို အကျိုးရှိရှိ အသုံးပြုနိုင်ခဲ့ပုံကို သရုပ်ဖော်ထားသည့် "ကျားလေးပိုပို" မျက်နှာဖုံးကာတွန်း၊ သဘာဝအလျောက် ထူးခြားဆန်းပြားစွာ အပြာရောင်ဖြစ်နေသော ရေပြာအိုင်များနှင့်ရေပြာတွင်းများအကြောင်းကို ဗဟုသုတရဖွယ် ရေးသားထားသည့် "ရေပြာအိုင်များနှင့် ရေပြာတွင်းများအကြောင်း သိကောင်းစရာ"သုတဆောင်းပါးကဏ္ဍ၊ သူတစ်ပါး၏ အားနည်းချက်ကို အနိုင်ယူကာ ပြောခဲ့သော်လည်း မိမိဒုက္ခရောက်သောအခါ ထိုသူငယ်ချင်းက ကူညီခဲ့၍ နောင်တရနေသော ကောင်းထက်စံအကြောင်းကို သရုပ်ဖော်ထားသည့် "မြဂျီးနှင့် သူ၏ သူငယ်ချင်း" နှစ်မျက်နှာကာတွန်း၊ ကျောက်လိုဏ်ဂူအတွင်းတွင် ကွန်ရက်ရက်ကာ အိမ်တည်ဆောက်နေသော ပင့်ကူလေးကို အတုယူ၍ ဆောင်ရွက်ခဲ့သောကြောင့် အောင်မြင်မှုရရှိခဲ့သော သားတော်ကြီးအကြောင်းကို ရေးသားထားသည့် "ပင့်ကူလေးရဲ့ ဥပမာ" ပုံပြင်ကဏ္ဍ၊ မိခင်မသိအောင် ငါးကြော်ယူစားပြီး ကြောင်စားသည်ဟု အပြစ်လွှဲချမိ၍ နောင်တရနေသော မြဂျီးအကြောင်းကို ရေးသားထားသည့် "မြဂျီးနှင့် ငါးကြော်" ဝတ္ထုကဏ္ဍ၊ ဥစ္စာပစ္စည်းကို မက်မောကာ မိမိအသက်သခင်ကို ဒုက္ခရောက်အောင် ပြုလုပ်မိခဲ့၍ မြို့စားကြီး၏ ကြိမ်ဒဏ်ပေးခြင်းကို ခံခဲ့ရသည်ကို သရုပ်ဖော်ထားသည့် "ကတိ" နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းကို ကြောင်ချေးလူးမိစေရန် စနောက်ရာမှ မွေးနေ့တွင်ကျွေးမည့် မုန့်ဟင်းခါးနှင့် မုန့်ဖိုးငွေတို့ လက်လွှတ်သွားခဲ့ရပုံကို သရုပ်ဖော်ထားသည့် "စောဟန်နှင့် ရွှေရိုးလက်စွပ်ပျောက်လို့ပါ" နှစ်မျက်နှာကာတွန်း၊ အီဒီယမ်အသုံးများအပါအဝင် Two-word Verb ဟု ခေါ်သော Phrasal Verb များ၏ အသုံးများနှင့် ပတ်သက်သည့် အင်္ဂလိပ်စာအရေးအသားများကို လေ့လာနိုင်မည့် "အခြေခံလိုအပ်သည့် အီဒီယမ်" အင်္ဂလိပ်စာကဏ္ဍ၊ ရွှေသွေးတို့လက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။



ငါးသိုင်းချောင်းမြို့၌ မြို့မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်နှင့်အဖွဲ့က အောက်တိုဘာ ၂၂ ရက်တွင် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများအတွင်း အသံချဲ့စက်ဖြင့် မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လှည့်လည်သတိပေးနှိုးဆော်စဉ်။
ငါးသိုင်းချောင်း(ပြန်/ဆက်)



ကြံခင်းမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးမြင့်ထွေး ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၂ ရက်တွင် ရွှေတောင်စုရပ်ကွက်အတွင်း အသံချဲ့စက်ဖြင့် မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လှည့်လည်သတိပေးနှိုးဆော်စဉ်။ ဖြိုးဝေလင်း(ပြန်/ဆက်)



# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော်များကို ပါဝင်ဆင်နွှဲနိုင်ရေး ဖိတ်ခေါ်ခြင်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၁၃၈၇ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုတန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော်အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့က စတင်ပြီး နိုဝင်ဘာလ (၁၀)ရက်နေ့အထိ ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီမြတ်ကြီး၏ ရင်ပြင်နှင့် ယာဉ်ရပ်နားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ပွဲတော်ရက်အတွင်း အရောင်းဆိုင်ခန်းများအပြင် နိုဝင်ဘာလ (၃)ရက်နေ့နှင့် (၄)ရက်နေ့တို့တွင် ပွဲတော်လာ ဧည့်ပရိသတ် (၁၅၀၀၀)ဦးစာအား စတုဒိသာကျွေးမွေးမှုများ၊ နိုဝင်ဘာလ (၃)ရက်နေ့မှ (၅)ရက်နေ့အထိ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ စင်တင်တေးဂီတ ဖျော်ဖြေမှုများ၊ ညနေပိုင်းတွင် အလှလွှတ်အရုပ်မီးပုံးပျံလွှတ်တင်မှုများ၊ ညပိုင်းတွင် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများ၊ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများတွင် ဆီမီး (၁၀၀၀၀)စီ ထွန်းညှိပူဇော်ခြင်း၊ မီးအလှဆင်အရုပ်များနှင့် ရောင်စုံမီးပုံးများ ချိတ်ဆွဲပြသထားမှုများ၊ လိပ်ပြာကန်နှင့်ကျုံးအတွင်း မီးမျှောပူဇော်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိဘပြည်သူများအနေဖြင့် မည်သူမဆို လွတ်လပ်ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်။

**ပွဲတော်ဖြစ်မြောက်ရေးဦးစီးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၈၊ မြေကွက်အမှတ် ၇၅/ခ၊ အကျယ် (၂၀' x ၆၀')ရှိ ပါမစ်မြေအမျိုးအစားမြေကွက် (ပါမစ်မူရင်းအပါ)သည် ဦးကျော်ဝင်း အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ ပါမစ် အမည်ပေါက်ထံမှတစ်ဆင့် အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသူ ဦးသိန်းဝင်း ၁၂/ရပသ(နိုင်)၀၁၆၀၀၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသဇင်ဝင်း ၁၂/အလန(နိုင်)၀၄၁၉၂၈ သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့် မည်သူမဆို မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာမှတ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်အရောင်း အဝယ်အား ဥပဒေနှင့်အညီ ပြီးစီးအောင်မြင်သည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသန့်(LL.B) (C.B.L) အထက်တန်းရှေ့နေ (စဉ် – ၄၅၇၀၅)**
**အမှတ် ၁၇၄/ခ၊ ဗေဒါလမ်း၊ ၁၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉၇၇၇၁၉၇၁၀၆၄**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/6709 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ်(၄၁၊ ဝက်ကုန်းတောင်ရပ်)၊ ဦးပိုင်အမှတ်(၃/၁၅)၊ မြေဧရိယာ(၀ဒသမ၀၉၇)ကေအပိုင်းကို မူလက ဦးလီစိုးဆိုက်အမည်ဖြင့် (၆–၁–၂၀၄၆)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး၊ဂရန်အမည်ပေါက်သူ ဦးလီစိုးဆိုက်မှာ (၂၁–၂–၂၀၂၁)ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏ဇနီးဖြစ်သူ ဒေါ်ကြည်ရှိမှာ (၂၄–၁–၂၀၂၅)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၀၆၅/၂၀၂၅)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်ကြည်ရှိထံမှ DAW LEE SU KOK(ခ)ဒေါ်လီဆိုကိုက (၉–၄–၂၀၂၅)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၁၅၇/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ DAW LEE SU KOK(ခ)ဒေါ်လီဆိုကို ၁/ဝမန(ပြု)၀၀၀၀၆၆ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန် ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ မဂ္ဂင်လမ်း၊ အကွက်အမှတ်နှင့်အမည် ၅၃/မရမ်းကုန်း၊ ဦးပိုင်အမှတ် ၉၄ᶜ၊ ဧရိယာ(၀.၂၈၀) ဧကရှိအိမ်နှင့်မြေသည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန (၁–က) စာရင်းတွင် ဦးအောင်မိုးကျော်၊ မတင်သန်းဝင်း၊ ဦးကျော်မင်းထွန်း၊ မောင်ဆန်းဝင်းတို့အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ၎င်းတို့(၄)ဦးအနက်မှ ဦးဆန်းဝင်း သည် ကွယ်လွန်သွားခဲ့ပြီးနောက် ဦးဆန်းဝင်း၏ဝေစုကို ဇနီးဖြစ်သူ ဒေါ်ချောစုလှိုင် မှ အမွေဆက်ခံခွင့်ရှိပြီး၊ ဦးအောင်မိုးကျော်၊ ဒေါ်တင်သန်းဝင်း၊ ဦးကျော်မင်းထွန်း နှင့် ဒေါ်ချောစုလှိုင်တို့မှ မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ "ကျမ်းကျိန်လွှာ"မှတ်ပုံတင်စာချုပ်အမှတ် – ၃၅၂/၂၀၂၅ နှင့် "အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် ၃၅၃/၂၀၂၅ အရ တရားဝင်အမွေဆက်ခံထားကြပါသည်။ ထို့နောက် ဦးအောင်မိုးကျော် ပါ (၄)ဦးတို့သည် ၎င်းတို့တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားသော အထက်ဖော်ပြပါအိမ်နှင့်မြေကို ဒေါ်တင်သန်းဝင်း၊ ဦးကျော်မင်းထွန်းနှင့် ဒေါ်ချောစုလှိုင်တို့သည် မှတ်ပုံတင်စာချုပ်အမှတ် ၄၆၅/၂၀၂၅ အရ ဦးအောင်မိုးကျော်အား အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးအောင်မိုးကျော်သည် ၎င်းတရားဝင်ပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါအိမ်နှင့်မြေကွက်ကို ၎င်း၏ အမည်ဖြင့် အမည်ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီး ဌာနရုံးသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းတစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဦးအောင်မိုးကျော်မှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ လူနေရပ်ကွက်အမှတ်(၄၃)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၁၂၂၇)၊ ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်တွင် ဒေါ်ခင်အေးဦး (၁၂/အစန(နိုင်)၁၀၈၃၆၉) အမည်ပေါက် အလျား (၄၀)ပေ x အနံ(၆၀)ပေ၊ ဧရိယာ(၂၄၀၀) စတုရန်းပေမြေကွက်အနက်မှ တရားဝင်ခွဲစိတ်ရခြင်းမရှိသေးသော မြေကွက်၏ (အမှတ် –၁၂၂၆ နှင့် ကပ်လျက်ဘက်ခြမ်း) အလျား (၂၀)ပေ x အနံ(၆၀)ပေ၊ ဧရိယာ (၁၂၀၀)စတုရန်းပေ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လင်းလက်ထွန်းအောင် (၁၂/ဒဂမ(နိုင်)၀၅၅၃၂၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော (၁)ဦးအောင်ဝင်းဟန် (၁၂/စခန(နိုင်)၀၀၁၀၇၁)၊ (၂) ဒေါ်မိုးစန္ဒာ (၁၂/စခန(နိုင်)၀၄၃၄၅၅) နှင့် (၃) ဒေါ်ဖူးပွင့် (၈/စလန(နိုင်)၁၄၆၀၁၄)တို့ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လို သူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်ပါက ဤ အရောင်း အဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(၁)ဦးအောင်ဝင်းဟန် (၂) ဒေါ်မိုးစန္ဒာ နှင့် (၃) ဒေါ်ဖူးပွင့် တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်–၈၃၅၁(၁၃–၉–၂၀၁၂)** | **စဉ်–၅၃၁၅၀ (၃၀–၆–၂၀၂၀)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၉၇၂၃၀၉၈၉၂**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဂေါဖ့်ကလပ်၊ပုသိမ် | ပုသိမ် | အမှတ်(၃) | ၃၄/ကိုးသိန်းအရှေ့ | ၃–က | ၃၄.၆၆၄ | သက်တမ်းတိုး |
| ၂ | ဂေါဖ့်ကလပ်၊ပုသိမ် | ပုသိမ် | အမှတ်(၃) | ၃၃/ကိုးသိန်း | ၄ | ၂၅.၂၆၇ | သက်တမ်းတိုး |
| ၃ | ဦးအာကာမင်းသူ | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | အယ်လ်–၂၇၁ | ၀.၀၅၅ | အမည်ပြောင်း |
| ၄ | CB Bank PCL | ပုသိမ် | အမှတ်(၁) | ၅၁/အကောက်ဆိပ် | ၄၄ | ၀.၁၁၀ | အမည်ပြောင်း/တိုး |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ် (၁၀/တံတားဦးအနောက်)၊ ဦးပိုင်အမှတ်(၂–ခ/၂)၊ မြေဧရိယာ (၀ဒသမ၀၉၈)ကေရှိ ဂရန်အမှုတွဲအမှတ်(၅၅၇/၂၀၁၈–၁၉)အရ ၁။ ဦးမျိုးမြင့်သူ ၂။ ဒေါ်အိန္ဒြေဦး ပူးတွဲအမည်ပေါက် ဂရန်မြေကွက်အား ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြား ချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြဖြူဖြူမင်း (LL.B,D.B.L,D.I.L,I.P.Law)**
**အထက်တန်းရှေ့နေ(စဉ်–၄၀၁၉၄)**
**ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊ ဖုန်း–၀၉–၅၀၉၃၃၃၀**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 70W/63075, Kenbo–110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသန်းထွန်း ၇/နတလ(နိုင်)၁၁၆၈၇၄က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/81461, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်သီရိနိုင် ၁၄/ဝခမ(နိုင်)၂၄၆၈၃၄က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 28W/87185, Zongshen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟာရီးယား၁၄/ပသရ(နိုင်)၀၅၃၂၉၉ က ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/6622, Toyota Toyoace X2U382 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းရဲနိစင့်လူ ၁၃/တကန(နိုင်)၃၅၄၄၈၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး**
**(တောင်ကြီး)**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၂၄-၁၀-၂၀၂၅** ရက်နေ့မှ စတင်၍ **၁၈-၁-၂၀၂၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး
## မန္တလေးမြို့
## (၅၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ဆေးတက္ကသိုလ်-မန္တလေး၏ (၅၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) အစမ်းလေ့ကျင့်မည့်ရက် - (၂၁-၁၁-၂၀၂၅) ရက် (သောကြာနေ့) နံနက်(၉:၀၀)နာရီ

(ခ) ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက် - (၂၂-၁၁-၂၀၂၅) ရက် (စနေနေ့) နံနက်(၉:၀၀)နာရီ

၂။ (၅၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးတက္ကသိုလ်-မန္တလေး၏ အောက်ပါစာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်-

(က) ၂၀၂၅ ခုနှစ်၊ ဧပြီလမှစ၍ ဆေးပညာမဟာသိပ္ပံဘွဲ့ရ စာမေးပွဲ အောင်မြင် ပြီးသူများ။

(ခ) ဆေးပညာဘွဲ့-
နောက်ဆုံးအမ်ဘီဘီအက်စ်အပိုင်း(ခ)(၁/၂၀၂၃)သင်တန်း (ပုံမှန်)စာမေးပွဲအောင်မြင်ပြီး သတ်မှတ်ကာလအတွင်း အလုပ်သင်ဆရာဝန် တာဝန်အပြည့်အဝထမ်းဆောင်ပြီးသူများ (၂၀၂၅ ခုနှစ်၊ မတ်လ မတိုင်မီက အလုပ်သင် ဆရာဝန်တာဝန် (၁)နှစ် ထမ်းဆောင်ပြီးဆုံးပြီး ဘွဲ့နှင်းသဘင် မတက်ရောက်ခဲ့သူများသည် အဝေးရောက် ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။)

၃။ ဘွဲ့နှင်းသဘင်ကြေးမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) တက်ရောက်ဘွဲ့ - ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ)

(ခ) အဝေးရောက်ဘွဲ့ - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဆေးတက္ကသိုလ်-မန္တလေး၊ ကျောင်းသားရေးရာဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် (အမျိုးသား - မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး - မြန်မာဝတ်စုံ)ဖြင့် လတ်တလောရိုက်ကူးထားသော(၁ ၁/၂ 'x၂'')အရွယ် ရောင်စုံဓာတ်ပုံ(၄)ပုံပူးတွဲလျက် (၂၇-၁၀-၂၀၂၅) မှ(၇-၁၁-၂၀၂၅) ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့်ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ (တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အပြည့်အစုံ)တို့အနက် နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီး ဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်း မရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးတက္ကသိုလ်-မန္တလေး၊ ကျောင်းသားရေးရာဌာနစိတ်၊ ဖုန်းနံပါတ် (၀၂-၄၀၃၉၀၅၀) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဆေးတက္ကသိုလ်-မန္တလေး**
**မန္တလေးမြို့**

## ပတ်စ်ပို့ပျောက်

ကျွန်မ မတောင်ဆန့် ၁/မကန(နိုင်)၂၄၁၇၉၇ ၏ ပတ်စ်ပို့နံပါတ် (MH-943289) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၂၉၈၈၁**

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက (၁)၊ Grade-11 (Eco) တန်းမှ မောင်ခေါ်လေး၏ ဖခင် အမည်မှန်မှာ ဦးခေါ်ပေါ် ၁/ဝမန (နိုင်)၀၃၅၃၄၃ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးဘီးရ်ဗဟာဒူး၏သား မြစ်ကြီးနားမြို့၊ ဒေါ်သီတာ ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-8 မှ မောင်အောင် ဆန်းလင်း၏ အမည်မှန်မှာ မောင်အောင်နိုင်ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၀-၂၀၂၅ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၀) ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် ဂရန်ငွေတစ်စိတ်တစ်ဒေသ အစား စရန်ငွေတစ်စိတ်တစ်ဒေသဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မြေရေိယာ (၀.၁၄၆ဧကေ)ရှိ မြေကွက်အမှတ် (ပ-၁၈၄၁) ကို အမည်ပေါက် ဦးခိုင်ဇော်မြင့် (ဘ) ဦးကျော်မြင့် ၈/ပခက(နိုင်)၁၄၃၇၉၇မှ ဒေါ်စုစုအောင် (ဘ)ဦးအောင်ရွှေ ၉/မခန(နိုင်)၁၈၆၄၄၁နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ကသာမြို့၊ ဗေယျာချောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃၀၊ ဆီစက်ကုန်း)၊ မြေကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၂)၊ မြေရေိယာ (၀ဒသမ၁၆၄)ဧကရှိမြေနေရာအား ကသာမြို့၊ဗေယျာချောင်ရပ်ကွက်နေ ဒေါ်စန်းစန်း ၅/ကသန(နိုင်)၀၁၀၉၀၇(ဘ)ဦးဘသော်လေးမှ မြေငှားဂရန် သက်တမ်းတိုး ထုတ်ပေးနိုင်ရေး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကသာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၆-ခ/၂၊ ခေမာသီရိရပ်)၊ ဦးပိုင်အမှတ်(၄၄)၊ မြေရေိယာ (၀ဒသမ ၁၂၄)ဧကရှိမြေကွက်သည် ဒေါ်ဆိုင်းရင်(ခ)SAI YIN အမည်ဖြင့် အမှုတွဲအမှတ် ၁၉၄/V၂၀၁၂-၂၀၁၃ အရ (၁၅-၆-၁၉၉၉)ရက်မှ (၁၄-၆-၂၀၁၄)ရက်အထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါ ဒေါ်ဆိုင်းရင်(ခ)SAI YIN အမည်ပေါက် မြေငှားဂရန် မူရင်းမှာ နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားခဲ့ပါသဖြင့် မြေငှားဂရန် မိတ္တူမှန်အား ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော
## မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ အကွက်အမှတ် (၃၄)၊ ပတ္တမြားချောင်ရပ်၊ ဦးပိုင်အမှတ်(၃၄ဆ+၃၄ဏ+၃၄ပ+၃၄ဖ+၃၃ဓ)၊ ဧရိယာ(၀ဒသမ၀၄၀+၀ဒသမ၀၃၃+၀ဒသမ၀၁၃+၀ဒသမ၀၂၃+၀ဒသမ၀၀၆)ဧက၊ စုစုပေါင်း (၀ဒသမ၁၁၅)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-
မြေ၏အလားမှာ-

ရှေ့လားသော် - ဦးပိုင်အမှတ်(၃၄ဝ)
အနောက်လားသော် - ဗိုလ်အောင်ကျော်လမ်း
တောင်လားသော် - ဦးပိုင်အမှတ်(၃၄င)၊ (၃၄ဟ)၊ (၃၄ဠ)
မြောက်လားသော် - ဦးပိုင်အမှတ်(၃၃အ)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးတင်ဝင်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေး မည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ (၄)ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဟသ်ာတမြို့**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း
## အများသိစေရန် ကြေညာခြင်း

(ဘ)ဦးကျော်မြင့်၏သား၊ ဦးကျော်သူ ၁၂/သဃက(နိုင်) ၁၇၆၀၇၉နှင့် (ဘ)ဦးမြင့်ဦး၏သမီး ဒေါ်ခိုင်သဇင်သင်း ၁၂/ဒဂတ(နိုင်)၀၆၂၄၅၃တို့သည် (၁၅-၆-၂၀၁၇)ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင်လင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်သဇင်သင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအောင်**
**အထက်တန်းရှေ့နေ (စဉ်-၅၄၀၃၃)**
**LL.B, DBL, D.C.Sc, DIL (Continuance)**
**တိုက် (၅၁)၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ Ph-09-972034586, 09-455576008**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မခင်ချမ်းမြေ့သူ (၁၂/သကတ(နိုင်)၂၂၂၅၅၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည် -

ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသော မောင်ဖုန်းမြင့်ဇော် (ဘ) ဦးပေါ်တာ (၁၂/ကတန(နိုင်)၁၂၉၀၀၅)နှင့် မခင်ချမ်းမြေ့သူ (ဘ) ဦးမြတ်သူ (၁၂/သကတ(နိုင်)၂၂၂၅၅၁)တို့သည် (၁၉-၁၀-၂၀၂၅)ရက်တွင် ကျောက်တန်းမြို့မရဲစခန်း၌ အသိသက်သေများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ပြုလုပ်ချုပ်ဆို၍ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ထို့ကြောင့် မောင်ဖုန်းမြင့်ဇော်နှင့် မခင်ချမ်းမြေ့သူတို့သည် ကွာရှင်းပြီးသည့်အချိန်မှစ၍ လင်ခန်း၊ မယားခန်း၊ ပစ္စည်းခန်းများ သက်ဆိုင်ခြင်း မရှိတော့ပါသဖြင့် တစ်ဦးနှင့်တစ်ဦး ဂုဏ်သိက္ခာထိခိုက်စေမည့် ကိစ္စများပြောဆိုခြင်း၊ နှောင့်ယှက်ခြင်း၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်တို့ကို ဝင်ရောက်စွက်ဖက်ခြင်း ပြုလုပ်ဆောင်ရွက်လာပါက ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မောင်ဖုန်းမြင့်ဇော်နှင့် ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစည်သူလွင် (LL.B) အထက်တန်းရှေ့နေ (စဉ် - ၅၂၉၀၇)**
**တိုက် - အေ/၆၊ အခန်း (၄၀၂)၊ အင်းကြင်းလမ်း၊ ရွှင်းသာအိမ်ရာ၊**
**သာကေတမြို့နယ်၊**
**Ph-09-442726210, 09 - 962378563**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ် (တောင်ကြီး)
## မဟာအင်ဂျင်နီယာ ဘွဲ့သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ နည်းပညာတက္ကသိုလ်(တောင်ကြီး)တွင်၂၀၂၅- ၂၀၂၆ ပညာသင်နှစ်အတွက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၄)ရက်တွင် စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာ ဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ
(င) ကွန်ပျူတာအင်ဂျင်နီယာနှင့်သတင်းအချက်အလက်နည်းပညာ
(စ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၁)နှစ်စုစုပေါင်း (၂)နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း(Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက်သတ်မှတ်အရည်အချင်း ပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်သည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများသို့တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
(ဂ) သင်တန်းသို့အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။
(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ၊ဆရာမများနှင့် ဝန်ထမ်းများသည် တစ်ဆက်တည်း လုပ်သက်(၂)နှစ် ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့် လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏ နေရာအတွက် လုပ်ငန်းတာဝန်ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာ ဌာနမှူးနှင့်ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးတို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာ ဦးစီးဌာနမှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်းခွင့်ပြု ချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများသို့ တက်ရောက်ရန်အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံစာချက်(မူရင်းနှင့်မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို နည်းပညာတက္ကသိုလ်(တောင်ကြီး)မှ ၅-၁၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး ၁၃-၁၁-၂၀၂၅ (ကြာသပတေးနေ့)နောက်ဆုံးထား၍ နည်းပညာ တက္ကသိုလ်)တောင်ကြီးသို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါကစာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၁၃-၁၁-၂၀၂၅(ကြာသပတေးနေ့)တွင်စတင်ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကိုနည်းပညာတက္ကသိုလ်(တောင်ကြီး)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၁၇-၁၁-၂၀၂၅ ၊ တနင်္လာနေ့ | အင်္ဂလိပ်စာ | နံနက် (၉:၀၀ ) မှ ( ၁၂:၀၀) |
| ၁၈-၁၁-၂၀၂၅ ၊ အင်္ဂါနေ့ | သက်ဆိုင်ရာဘာသာရပ် | နံနက် (၉:၀၀ ) မှ ( ၁၂:၀၀) |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါမိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲ(မူရင်း) ဖြေဆိုခွင့်ကတ်ပြား တစ်ပါတည်းယူဆောင်လာရမည်။

၈။ သင်တန်းအတွက်လူတွေ့စစ်ဆေးခံရမည့်အမည်စာရင်းကို ၁၉-၁၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့)တွင်ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၀-၁၁-၂၀၂၅ (ကြာသပတေးနေ့)မှစ၍ နည်းပညာတက္ကသိုလ် (တောင်ကြီး)တွင် ပြုလုပ်မည်ဖြစ်သည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို ၂၁-၁၁-၂၀၂၅ (သောကြာနေ့)တွင်ထုတ်ပြန် ကြေညာပေးမည်။

**နည်းပညာတက္ကသိုလ်(တောင်ကြီး)**

## အသိပေးကြေညာခြင်း

သစ်တောဦးစီးဌာန၊ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်၊ တိန်းသော်ကြိုးပြင်ကာကွယ်တောအတွင်းရှိ ဦးသန်းဆောင် ပါလုပ်ငန်းရှင်(၁၃)ဦးမှ ရွှေလက်လုပ် လက်စား (၁၃)ကွက်အတွက်ပေးသွင်းထားသည့် လုပ်ငန်းပြီးမြောက်မှု အာမခံငွေ(PG)များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ကို သဘောတူညီပါကြောင်းကို ပြန်ကြားပေးနိုင်ပါရန်နှင့် ဗန်းမော်ခရိုင်/မြို့နယ် သစ်တောဦးစီးဌာနသို့ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

| စဉ် | လုပ်ငန်းရှင် (အမည်) | လုပ်ကွက်ရေိယာ (ဧက) | ဘဏ္ဍာအဖြစ်သိမ်းဆည်းမည့် လုပ်ငန်းပြီးမြောက်မှုအာမခံ(PG) | |
|---|---|---|---|---|
| | | | အမှတ်/ရက်စွဲ | ငွေကျပ် |
| ၁ | ဦးသန်းဆောင် | ၁ | Ba-Kha(MAB)54/2020-21(10-9-2021) | ၂၀၀,၀၀၀ |
| ၂ | ဒေါ်လှလှသန်း | ၁ | Ba-Kha(MAB)55/2020-21(10-9-2021) | ၂၀၀,၀၀၀ |
| ၃ | ဦးတင်မောင် | ၁ | Ba-Kha(MAB)56/2020-21(10-9-2021) | ၂၀၀,၀၀၀ |
| ၄ | ဒေါ်ထက်ထက်လွင် | ၁ | Ba-Kha(MAB)57/2020-21(10-9-2021) | ၂၀၀,၀၀၀ |
| ၅ | ဒေါ်နယ်လီမြင့် | ၁ | Ba-Kha(MAB)58/2020-21(10-9-2021) | ၂၀၀,၀၀၀ |
| ၆ | ဦးသန်းငွေ | ၁ | Ba-Kha(MAB)59/2020-21(10-9-2021) | ၂၀၀,၀၀၀ |
| ၇ | ဒေါ်စန်းရင် | ၁ | Ba-Kha(MAB)60/2020-21(10-9-2021) | ၂၀၀,၀၀၀ |
| ၈ | ဒေါ်ငြိမ်းငြိမ်းအိ | ၁ | Ba-Kha(MAB)61/2020-21(10-9-2021) | ၂၀၀,၀၀၀ |
| ၉ | ဦးမောင်တိုး | ၁ | Ba-Kha(MAB)62/2020-21(10-9-2021) | ၂၀၀,၀၀၀ |
| ၁၀ | ဒေါ်တိုးတိုးခိုင် | ၁ | Ba-Kha(MAB)63/2020-21(10-9-2021) | ၂၀၀,၀၀၀ |
| ၁၁ | ဦးဇော်မျိုးဦး | ၁ | Ba-Kha(MAB)64/2020-21(10-9-2021) | ၂၀၀,၀၀၀ |
| ၁၂ | ဒေါ်ညို | ၁ | Ba-Kha(MAB)65/2020-21(10-9-2021) | ၂၀၀,၀၀၀ |
| ၁၃ | ဒေါ်မမော် | ၁ | Ba-Kha(MAB)66/2020-21(10-9-2021) | ၂၀၀,၀၀၀ |

**သစ်တောဦးစီးဌာန၊ ဗန်းမော်ခရိုင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ်(၇၄/၁၊ ရွှေအိုက်ကွင်း)၊ ဦးပိုင်အမှတ်(၁၇၉၂)၊ မြေရေိယာ (၀.၀၅၅) ဧကရှိမြေကွက်သည် မူလက ဦးတင်ကျော်ဝင်းအမည်ဖြင့် ယာယီလိုင်စင်မြေပေးမိန့်ရရှိထားသောမြေကွက်ဖြစ်ပြီး၊ ယာယီလိုင်စင်မြေပေးမိန့်ရရှိသူ ဦးတင်ကျော်ဝင်းထံမှ ဒေါ်အမ်ရွှယ်ဆိုင်းက(၂၁-၄-၂၀၁၆)ရက်စွဲပါအိမ်ခြံမြေနှစ်ဦး သဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ယခုအခါ ဒေါ်အမ်ရွှယ်ဆိုင်း ၁/မကန(နိုင်) ၀၀၀၃၆၃ အမည် ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းမြို့၊ စိန်ကုန်း ရပ်ကွက်နေ ဦးဇော်မင်းဦး၏သား ဦးထူးမြတ်ဦး ၅/စကန(နိုင်) ၂၄၀၂၀၅၏ နိုင်ငံကူးလက်မှတ် MJ-111437 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၁၃၀၇၀၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အမက(လွန်)ညောင်ဝိုင်းကျောင်း မှ ကျောင်းအုပ်ဆရာကြီး ဦးသက်နိုင် ၇/ကဝန(နိုင်) ၀၈၄၉၆၀၏ ဖခင်အမည်မှန်မှာ ဦးအုန်းရွှေ (ခ)ဦးအုံးရွှေသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအုန်းရွှေ(ခ)ဦးအုံးရွှေ**

## ပတ်စ်ပို့ပျောက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၁)ရပ်ကွက်နေ ကျွန်မ အောင်မေစိုး၏ နိုင်ငံကူး လက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၈၈၁၁၇၈**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနရှိ စီမံကိန်းရုံးများ၊ စီမံကိန်းမန်နေဂျာရုံးများ၏ စီမံကိန်း လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဒီဇယ်ဆီ(ပရီမီယမ်) (၂၄,၅၀၀)ဂါလံ ဝယ်ယူရန် တင်ဒါအမှတ်၊ 71(T)/DPTSC(PTP)/2025–2026 (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၆–၁၁–၂၀၂၅) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံး ထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web–Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း–၀၆၇– ၃၄၁၀၂၀၉၊ ၀၆၇– ၃၄၁၀၂၈၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁နှင့်၅)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၃၂

ဒေါ်အေးအေးမွန် နှင့် ဒေါ်ခင်အေးမေ
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၆၂၈)နေ တရားပြိုင် ဒေါ်ခင်အေးမေ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၁ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက် ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သော အထောက်အထားစာရွက်စာတမ်း များနှင့်သင်က ထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းယုလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ကန်ကြီးထောင့် မြို့နယ်၊ အ.မ.က– သော်ကကုန်းမှ လက်ထောက်မူလတန်းပြဆရာမ ဒေါ်ထက်ထက်လင်း ၁၄/ကကထ(နိုင်)၁၅၈၃၅၃၏ဖခင် ဦးဆန်းဦးနှင့် ဦးစန်းဦးမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း၊

**ဦးဆန်းဦး (ခ) ဦးစန်းဦး**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အ.လ.က– လဟာကလူမှ အငယ်တန်းစာရေး နော်ဆေးဝါးရှိုး ၁၄/ကကထ(နိုင်) ၁၆၂၀၀၅ ၏ ဖခင် ဦးသာဆန်းနှင့် စောသာဆန်းမှာ လူပုဂ္ဂိုလ်တစ်ဦး တည်း ဖြစ်ပါကြောင်း။

**ဦးသာဆန်း (ခ) စောသာဆန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်၊ လမ်းမတော်လမ်းနေ ဒေါ်တင်နု (ဘ) ဦးပြန့်ရုံ ၇/လပတ(နိုင်)၁၁၄၀၉၁ သည် ၎င်းနေထိုင်လျက်ရှိသော ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်၊ လမ်းမတော်လမ်း၊ မြေကွက်အမှတ် ၇N၊ ကုလားကုန်းရပ်၊ ဦးပိုင်အမှတ်–၈၆ᵃ၊ ဧရိယာ(၀.၀၅၄)ကေသည် ဦးချုပ်ချို+ဒေါ်လှသင်အမည်ဖြင့် လည်းကောင်း၊ ဦးပိုင်အမှတ်–၁၅၉ᵏᵃ၊ ဧရိယာ(၀.၁၁၂)ကေ သည် ဒေါ်လှသင် တို့၏အမည်ဖြင့် အသီးသီးအမည်ပေါက်လျက်ရှိသည်ကို မြေးဖြစ်သူ ဒေါ်တင်နုမှ အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ မည်သူမဆို လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်တင်နု (၇/လပတ(နိုင်)၁၁၄၀၉၁)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ ဣန္ဒာ(၇) လမ်း၊ အမှတ်(၈၆၀)၊ ဒုတိယထပ်/B (၃–လွှာ) (ခြေရင်းခန်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးစိန်လွင် (၁၂/ဥကမ(နိုင်)၁၄၇၈၀၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးရာဇာအောင် (၉/ပမန(နိုင်)၁၅၅၂၆၄)၊ ဒေါ်စုစုဝင်း (၁၂/ဥကမ(နိုင်)၁၈၂၄၇၅)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)၊** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္စလီ(LL.B, LL.M)** |
| **(စဉ်–၁၁၅၅၃)** | **(စဉ်–၁၃၂၈၆)** | **(စဉ်–၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၄၄၃၀၂၆၁၉၉၊ ၀၉–၇၃၀၂၆၁၉၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅)
## ဟသ်ာတမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်– ၈၆

ဒေါ်လှရီဝင်း နှင့် ၁။ ဦးဇော်ဇော်
၂။ မလင်းလင်းထိုက်
(တရားလို) (တရားပြိုင်များ)

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ ရွှေကူရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်(၃၂၆)ရပ်နေ တရားပြိုင် ဦးဇော်ဇော် (ယခုနေရပ်လိပ်စာမသိ)နှင့် တရားပြိုင်မလင်းလင်းထိုက်(ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေကျပ်သိန်း(၂၀၀)(ကျပ်သိန်းနှစ်ရာ)တိတိ ရလိုကြောင်း လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်များကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက် (၁၃၈၇ခုနှစ်၊ နတ်တော်လဆန်း(၂)ရက် မွန်းမတည့်မီ (၁၀:၀၀)နာရီ)တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက် ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ( ၂၁ )ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်လင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဟသ်ာတမြို့နယ်တရားရုံး**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးနေမင်းထွန်း ၁၂/သဃက(နိုင်)၂၁၅၁၅၇ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၆၂၀၀၆၆၈၃**

## အမည်မှန်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်နေ (ဘ)ဦးအေးလွင်၏သား မောင်သန့်ဇင်မောင်၏ အမည်မှန်မှာ မောင်ထူးထက်လင်း ဖြစ်ပါကြောင်း။

**မောင်ထူးထက်လင်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အနော်ရထာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (စ/၄)/တိုးချဲ့၊ မြေကွက်အမှတ်–၅၆၄၊ မြေအမျိုးအစား နှစ် (၆၀) ဂရန်မြေ၊ အမည်ပေါက်–ဒေါ်ခင်အုန်းမြင့် (၁၂/ကတတ (နိုင်) ၀၀၅၃၈၉)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ) ရှိမြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး ယနေ့ အချိန်ထိလက်ရှိထားပိုင်ဆိုင်ပါကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းပြဿနာကင်းရှင်းပါကြောင်း မြွတ်ဟဝန်ခံကတိပြုလျက်အဆိုပါအိမ်ခြံမြေအား လွှဲပြောင်းရောင်းချလိုကြောင်း ဦးစိန်လှိုင် (၁၂/လမန(နိုင်)၀၈၃၉၃၃)မှ အဆိုပြုကမ်းလှမ်းလာရာ၊ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်စရန်ငွေများပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း တရားဝင်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီလာအေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၇၂၆/၂၀၁၀) အမှတ်–၁၀၄၊ ပထမထပ်၊**
**၃၉–လမ်း (အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၅၀၇၀၁၂၈**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/75401,Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့်အောင် ၁၄/မမန(နိုင်)၁၄၆၁၁၁က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်80W/50983,Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၄/မမန(နိုင်)၀၂၀၆၂၁ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/18078, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာဝင်း ၁၄/ကခန(နိုင်)၀၆၈၉၀၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၁၅/၄၁ ရပ်ကွက်၊ ပန်းခြံ(၁)၊ ပါရမီကျောင်းလမ်း၊ အမှတ်(၁၆၆၃)နေ ဒေါ်စန်းစန်းဌေး ၁၂/အစန(နိုင်)၀၉၃၂၅၂၏သမီး မဖြိုးပပအောင် ၁၂/ရပသ(နိုင်)၀၈၄၇၀၆သည် မိဘ၏ပြောဆို ဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန် အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဌေး**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၈ / ၂၀၂၅–၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L–173(25–26)CAP | Double Drum Well Servicing Unit (2) Units | Ks |
| (၂) | DMP/L–174(25–26)CAP | Echometer Digital Well Analyzer (2) Sets | Ks |
| (၃) | DMP/L–170(25–26)CAP (Retender) | Installation Service of Cathodic Protection System for Ahpyauk–Shwepyithar 10” Natural Gas Pipeline | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၂၄–၁၀–၂၀၂၅) ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည်တော်တွင် လာရောက်ဝယ်ယူ နိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည် ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၇–၁၁–၂၀၂၅ ရက်နေ့ **(၁၃:၀၀)နာရီ** တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း၊ ၀၉၂၅၄၀၇၈၀၀၇၈/၀၉၄၄၈၅၃၉၄၀၂**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁၅/၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများ အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည်ဖြစ်ပါသည်–

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| (က) | 58(LPT))/MPE–HQ/ 2025–2026 | Floor Stand Air Conditioner(3 HP)&(5 HP) | 3 Nos. & 12 Nos. |
| (ခ) | 54R(LPT)/MPE–Mann/ 2025–2026 | UV Spectrophotometer | 1 No. |
| (ဂ) | 4R–$R^3$(LPT)/MPE–F4/ 2025–2026 | Spare Parts for Process Air Compressor | 1 Lot |
| (ဃ) | 32R–$R^2$(LPT)/MPE–F5/ 2025–2026 | Demineralized Water Pump (P 5402 A/B) | 1 Set |
| (င) | 46R–$R^4$(LPT)/MPE–F4,F5/ 2025–2026 | Ultra Coolant Oil | 600–Liters |
| (စ) | **အဆိုပြုလွှာ (၂ စောင်)** Conductivity Analyzer (AT 5407,5408) ၊ Conductivity Analyzer (AT–5409) | | |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၂၃ . ၁၀ . ၂၀၂၅ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄) (ယာယီရုံး)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ်(energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၇ .၁၁ .၂၀၂၅ ရက်နေ့ (၁၂:၀၀) နာရီတွင် နောက်ဆုံးထား၍ စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)(ယာယီရုံး)၊ (နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဖုန်း–၀၉–၉၆၃၁၄၅၉၈၈၊၀၉–၄၂၀၂၄၁၄၅၃၊**
**၀၉–၄၀၁၅၄၆၇၇၀၊၀၉–၂၆၄၉၉၂၂၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၉)၊ ဧညဝတီလမ်း၊ မြေကွက်အမှတ်(၂၆)နှင့် မြေကွက်အမှတ်(၂၇)ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀x၆၀)ပေစီရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်(၂)ကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိ ပြုသူများဖြစ်သည့် ဦးဇော်ရဲအောင်(၁၄/မမက(နိုင်)၁၄၀၆၂၈)၊ ဦးကျော်ဇေယျ(၁၂/လမန(နိုင်)၁၂၈၇၄၉)၊ ဦးလှိုင်စိုးလင်း (၁၂/ဒဂတ(နိုင်)၀၁၄၃၇၁)၊ ဦးဇော်သက်မောင်(၁၂/ကတန(နိုင်)၀၇၉၉၂၄)၊ ဦးဝေယံစိုးသိန်း(၁၂/ဒဂမ(နိုင်)၀၁၉၆၃၃)၊ ဦးဝဏ္ဏကျော်(၁၂/လမန(နိုင်)၁၃၃၄၅၃) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသိန်းဇော်လင်း(၁၂/ရကန(နိုင်)၀၁၅၂၄၉)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်–၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၄၀၃)၊ အကျယ်အဝန်း (၄၀ X ၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးသက်လွင် (RGN–၀၂၃၅၉၅) (၁၂/သလန(နိုင်)၀၂၈၉၃၆) ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူ ဇနီး ဒေါ်မျိုးမင်းမင်းမြတ် ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်စိုး(၁၀/မလမ(နိုင်)၁၅၂၂၁၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီဦး(၅/ကဘလ(နိုင်)၁၀၈၅၃၆)က အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (–)ဧကရှိ မြေကွက်အမှတ် (ပ–၃၁၂၂၄)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဒေါ်အေးအေးလွင် ၁/မကန(နိုင်)၀၇၇၅၈၆ (ဘ)ဦးစောလွင်မှ မြေချပါမစ် (စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့အခြေခံပညာ အထက်တန်းကျောင်း Grade–11(A) တွင် ပညာသင်ကြားနေသော မရတီဖြိုး ၁၂/တကန(နိုင်)၂၆၉၈၁၅၏ ဖခင်အမည်မှန်မှာ ဦးဟန်စိုး ၁၂/တကန(နိုင်)၁၁၂၄၆၇ ဖြစ်ပါကြောင်း။

**ဦးဟန်စိုး**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အ.မ.က– ပုလွေကျော်မှ လက်ထောက်မူလတန်းပြ ဆရာမ ဒေါ်နီလာအောင် ၁၄/ကကထ(နိုင်)၁၂၉၇၀၆ နှင့် ဒေါ်ခင်နီလာအောင်သည် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်နီလာအောင်(ခ)ဒေါ်ခင်နီလာအောင်**
**၁၄/ကကထ(နိုင်)၁၂၉၇၀၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(သန်လျင်)
## မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(သန်လျင်)တွင် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ( ၂၄ ) ရက်တွင် စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

**မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများ**

(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၁)နှစ် စုစုပေါင်း (၂)နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း(Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်သည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများသည် တစ်ဆက်တည်း လုပ်သက်(၂)နှစ်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့်လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏ နေရာအတွက် လုပ်ငန်းတာဝန် ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးတို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏နိုင်ငံသားစိစစ်ရေးကတ်ပြား**(မူရင်းနှင့်မိတ္တူ)**၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓါတ်ပုံ ( ၃ )ပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများသို့ တက်ရောက်ရန်အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက်(မူရင်းနှင့်မိတ္တူ) တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို နည်းပညာတက္ကသိုလ်(သန်လျင်)၌ (၅-၁၁-၂၀၂၅ )ရက် ( ဗုဒ္ဓဟူးနေ့) မှ စတင်ထုတ်ပေးမည်ဖြစ်ပြီး ( ၁၃ - ၁၁ - ၂၀၂၅ )ရက် ( ကြာသပတေးနေ့ ) နောက်ဆုံးထား၍ နည်းပညာတက္ကသိုလ်(သန်လျင်) သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို (၁၃-၁၁-၂၀၂၅)ရက် (ကြာသပတေးနေ့ )တွင် စတင်ထုတ်ပေးမည် ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို နည်းပညာတက္ကသိုလ်(သန်လျင်)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ( ၁၇ - ၁၁ - ၂၀၂၅ ) ရက်(တနင်္လာ )နေ့ | အင်္ဂလိပ်စာ | နံနက် (၉:၀၀ ) နာရီမှ ( ၁၂:၀၀ ) နာရီ |
| ( ၁၈ - ၁၁ - ၂၀၂၅ ) ရက်(အင်္ဂါ)နေ့ | သက်ဆိုင်ရာဘာသာရပ် | နံနက် (၉:၀၀ ) နာရီမှ ( ၁၂:၀၀ ) နာရီ |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (မူရင်း)ကို တစ်ပါတည်း ယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို(၁၉-၁၁-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ( ၂၀ - ၁၁ - ၂၀၂၅ )ရက် ( ကြာသပတေးနေ့ ) မှစ၍ နည်းပညာတက္ကသိုလ်(သန်လျင်)တွင် ပြုလုပ်မည်ဖြစ်သည်။ မဟာဘွဲ့ သင်တန်းတက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို(၂၁-၁၁-၂၀၂၅)ရက် (သောကြာနေ့)တွင် ထုတ်ပြန်ကြေညာပေးမည် ဖြစ်သည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက နည်းပညာတက္ကသိုလ်(သန်လျင်)၊ ဖုန်း-၀၉-၂၆၄၈၃၃၃၉၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**နည်းပညာတက္ကသိုလ်(သန်လျင်)**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်[၁(လင)/၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်) တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေ (GRF)ဖြင့် ဆောင်ရွက်မည့် ချင်းတွင်းဧည့်ရိပ်သာ (RC) (၁)ထပ် ဆောက်လုပ်ခြင်း၏ ဆက်စပ်လုပ်ငန်းဖြစ်သော 315 KVA ထရန်စဖော်မာ (၁)လုံး တည်ဆောက် ခြင်း၊ 11KV Line(၂၂)ပေတည်ဆောက်ခြင်းလုပ်ငန်းနှင့် 400VLine (၄၇)ပေ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စုပေါင်း ရုံး)တွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့် ရက်/အချိန်** - ၆-၁၁-၂၀၂၅ ရက် (ရုံးချိန်အတွင်း)
(ခ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၁၉-၁၁-၂၀၂၅ရက်၊ ညနေ(၁၆:၀၀)နာရီထိ
(ဂ) **တင်ဒါအာမခံကြေး(PO Cheque)တင်သွင်းရမည့် ရက်/အချိန်** - ၂၀-၁၁-၂၀၂၅ ရက်၊ ညနေ (၁၆:၀၀)နာရီထိ
(ဃ) **အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟုမ္မလင်းမြို့
(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာနှင့်ရက်** - ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များကို ဟုမ္မလင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စုပေါင်းရုံး)၊ ဖုန်း-၀၉-၂၆၃၂၉၈၈၉၉သို့ ဆက်သွယ်၍ လည်းကောင်း၊ လူ ကိုယ်တိုင်လာရောက်၍ လည်းကောင်း မေးမြန်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ရန်ကြီးအောင်(၁)လမ်း၊ မြေကွက်အမှတ်(၉၉၀)(၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော(ခေါင်းရင်းခြမ်း)လမ်းနှင့်ကပ်လျက်ရှိသော မြေကွက်ဖြစ်သည့် အမှတ်(၉၉၀/က)၊ (၂၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ကြည်ကြည်စိန်သက်(၁၂/အလန(နိုင်)၀၁၄၈၂၈) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းနှင့်အတူ ဆက်စပ်စာချုပ်စာတမ်းမူရင်းတို့ဖြင့်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမောင်အေးသာ(၁၁/မဥန(နိုင်)၀၅၉၉၉၇)မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးအောင်ကိုဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) ဒေါ်သီတာမိုးLL.Bအထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၈၇၇၄၅၈၅၂၉**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အထက်တပ်မြေလမ်း၊ ကွင်းအမှတ်နှင့်အမည် ၃၉/ဖက်တန်း၊ ဦးပိုင်အမှတ် ၁၃၇/လ၊ ဧရိယာ(၀.၁၁၈) ဧကရှိမြေကို အမီနာဘီ(ခ)မချိုတီ အမည်ဖြင့် မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင် မှတ်သားတည်ရှိပါသည်။ ဒေါ်အမီနာဘီ(ခ)မချိုတီသည် ၎င်းပိုင်ဆိုင်သောမြေဧရိယာ(၀.၁၁၈)ဧကအနက်မှ (၀.၀၁၅) ဧကရှိမြေကို မှတ်ပုံတင်စာချုပ်အမှတ် - ၅၈/၂၀၀၀ အရ ဦးတင်ညွှန့်အား ရောင်းချပေးခဲ့ပါသည်။ ဦးတင်ညွှန့်သည် ၎င်းတရားဝင် ဝယ်ယူပိုင်ဆိုင်ထားသော အထက်ဖော်ပြပါမြေကို မှတ်ပုံတင်စာချုပ်အမှတ် - ၉၃/၂၀၂၅ အရ ဒေါ်စီစီညွှန့်အား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ပြန်လည်ရောင်းချခဲ့ပါသည်။ ထို့နောက် ဒေါ်စီစီညွှန့်သည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော မြေဧရိယာကို ဦးပိုင်ခွဲစိတ်ခွင့်ရရှိရေးလျှောက်ထားခဲ့ရာ ဦးပိုင်အမှတ် ၁၃၇/လ/၁၊ ဧရိယာ(၀.၀၁၅)ဧကဖြင့် ဦးပိုင်ခွဲ စိတ်ခွင့်ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်စီစီညွှန့်သည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါမြေကွက်ကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့ နယ်မြေ စာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဒေါ်စီစီညွှန့်မှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
## ကွန်ပျူတာပါရဂူဘွဲ့ Ph.D(IT)သင်တန်းအပတ်စဉ်(၁၉)နှင့် မဟာဘွဲ့(M.C.Sc/M.C.Tech./M.I.Sc./M.A.Sc.)သင်တန်းများ အတွက် သင်တန်းသားများလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ကွန်ပျူတာပါရဂူဘွဲ့ Ph.D(IT)သင်တန်း အပတ်စဉ်(၁၉) နှင့် မဟာဘွဲ့ (M.C.Sc/M.C.Tech./M.I.Sc./M.A.Sc.)သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အထက်ပါသင်တန်းများကို (၂၄-၁၁-၂၀၂၅)ရက်တွင်စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၃။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ Website www.ucsy.edu.mm တွင် အသေးစိတ်အချက်အလက်များကို ကြည့်ရှု၍ ကျောင်းသားရေးရာဌာန(ဖုန်း-၀၉-၄၄၃ ၄၄၀၄၇၈၊ ၀၉-၄၄၃၄၄၀၄၇၉)သို့လည်း တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ မြေတိုင်းအမှတ်(၇/၄ )၊ မြေကွက်အမှတ်(၁၆၆+၁၆၈)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေအား ဒေါ်ကျင်မှ မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## ဒုတိယအကြိမ် အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

ရေဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစု(လီမိတက်)ပိုင် အမှတ်(၃)ရပ်ကွက်၊ လမ်းမတော်လမ်းရှိ ၀ ဒသမ ၃၆ ဧကရှိ မြေနှင့်(၃၀ပေx၂၀ပေx၁၅ပေ)ရှိ သွပ်မိုး၊ သံဇကာကာမြေခင်း၊ အဆောက်အအုံ(၁)လုံးအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

**လေလံလျှောက်လွှာ ရောင်းချမည့်ရက်** - ၂၅-၁၀-၂၀၂၅ ရက်မှ ၃၁-၁၀-၂၀၂၅ ရက်ထိ
**လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** - ၃၁-၁၀-၂၀၂၅ ရက်၊ ညနေ (၁၆:၀၀)နာရီ
**လေလံထုခွဲရောင်းချမည့်ရက်** - ၁-၁၁-၂၀၂၅ရက်၊ နံနက်(၁၀:၀၀) နာရီ
**လေလံလျှောက်လွှာများ ရောင်းချမည့်နေရာ**
**လေလံပွဲကျင်းပမည့်နေရာ** - သမဝါယမဦးစီးဌာန၊ လေးမျက်နှာမြို့
**ဆက်သွယ်ရမည့်ဖုန်းနံပါတ်** - ၀၉-၆၇၁၀၅၆၆၂၉၊ ၀၉-၂၆၅၀၇၂၂၇၅၊ ၀၉-၄၅၁၄၃၁၈၇၅

**မြို့နယ်လေလံထုခွဲရောင်းချရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ တကောင်ဘွားလမ်း၊ အမှတ် (၂၇)၊ ၅-လွှာ၊ ညာဘက် အစွန်ခန်း၊ အလျားxအနံ (၁၅x၃၂)ပေ တိုက်ခန်းနှင့် ရေမီးသုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မူလပိုင်ဆိုင်သူ ဒေါ်စန္ဒီသော် (၁၂/သလန(နိုင်)၁၄၆၂၇၉)ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးဇင်ကိုကိုအောင်(၁၂/အစန(နိုင်)၂၆၄၉၉၂)၊ ဒေါ်နှင်းဒါလီဝေ (၁၂/စခန(နိုင်)၀၇၉၄၁၈)က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဝေမွန် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၇၇/၂၂)**
**အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၅၇၀၄၉၆၂၆**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်းနေ ကျွန်တော် ဦးလှမြင့် ၁၂/တမန(နိုင်)၀၁၉၂၉၉ပိုင် သံ-၀၇၉ ရေယာဉ်၏ CBR-0743 လိုင်စင်ကြီးမှာ လုပ်ငန်းလုပ်ကိုင်ရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၂၅၄၃၀၀၃၇၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မအေးသီတာဦး၏ ဖခင် ဦးမြင့်လွင် (ခ) ဦးစိန်မြင့် (KWA-၁၂၃၀၇၈) မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမြင့်လွင် (ခ) ဦးစိန်မြင့်**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ရမည်းသင်းခရိုင်တရားရုံး
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၄နှင့် ဆက်နွှယ်သည့်
## ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၇

| | | |
|---|---|---|
| ကိုစိုးသူအောင် (တရားနိုင်) | နှင့် | မတင်တင်မိုး (တရားရှုံး) |

ပျော်ဘွယ်မြို့နယ်၊ တမာကုန်းကျေးရွာအုပ်စု၊ တမာကုန်းကျေးရွာနေ တရားရှုံး မတင်တင်မိုး(ဘ)ဦးငွေဝင်း၊ အရောင်းအဝယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၄တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ကိုစိုးသူအောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၅ရက် (၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေလင်းထူး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရမည်းသင်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ) ဦးပိန်းကျင်၏သမီးဒေါ်ချိုချိုစံ (၉/မထလ(နိုင်)၁၈၉၀၂၉) ၏လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုစံနှင့်(ဘ)ဦးငွေညွှန့်၏သား ဦးယဉ်မင်းထွန်း(၉/မထလ(နိုင်)၂၁၈၃၇၀)တို့သည် (၁၈-၂-၂၀၀၄)ရက်တွင် လက်ထပ်ထိမ်းမြားခဲ့ကြပြီး သား(၁)ဦး ထွန်းကား ခဲ့ပါသည်။ လက်ထပ်ပွားပစ္စည်းအဖြစ် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ နန်းတော်ကုန်းရပ်ကွက်၊ သပြေလမ်း၊ အမှတ်-နတက(၀၇၉၀) ဟုခေါ်တွင်သောမြေကွက်နှင့်နေအိမ်၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ပြည်သာယာရပ်ကွက်၊ (၄)မြောက်ကမ်း (၆)လမ်းနှင့် (၇)လမ်းကြား၊ အမှတ်(၁၁၇/၁၁၈/၁၁၉/၁၂၀)ဟုခေါ်တွင်သော (၃၀x၅၀)ပေ အကျယ်ရှိ မြေကွက်နှင့် MAZADA BONGO SKP2T အမျိုးအစားယာဉ်အမှတ် (7P-5089) အဖြူရောင်ယာဉ်(၁)စီး စသည်တို့ ဖြစ်ထွန်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြထားသော လက်ထပ်ပွားပစ္စည်းများအား ဒေါ်ချိုချိုစံ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်း ခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများမပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါကဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုချိုစံ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉ - ၄၂၀၀၄၇၅၅၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/9689, Mitsubishi Fuso (8x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်အေး ၁၀/ကတန(နိုင်)၀၇၅၀၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/8129, Nissan Condor CM87HA, Truck အမည်ပေါက်သူ ဦးမျိုးအောင် ၁၄/မမက(နိုင်)၁၈၀၅၃၁ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်မြို့)**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ပန်သစ္စာလမ်း၊ အမှတ်(၂/၂၁၈)နေ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူဒေါ်ဖြိုးဖြိုး သော်၊ (ဘ)ဦးလှေသော် (၁၃/တကန(နိုင်)၁၅၀၅၄၄)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေနှင့် ဦးစောထွန်းအောင်(ခ)ဦးကျော်တင့်၊ (ဘ)ဦးညိုခဲ (၁၃/တကန(နိုင်)၂၀၀၃၀၆)တို့သည် မြန်မာ့ဓလေ့ထုံးတမ်းအရ လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ရာမှ စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိသောကြောင့် (၁၇-၁၀-၂၀၂၅)ရက် တွင် "နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"အရ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ ဦးစောထွန်းအောင်(ခ)ဦးကျော်တင့်နှင့် ဒေါ်ဖြိုးဖြိုးသော်တို့သည် နောက်နောင်တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးဖြိုးသော်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးသွယ်(LL.B)**
**( တရားလွှတ်တော်ရှေ့နေ )(စဉ်-၁၀၂၂၂/၂၀၁၄)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း-၁ ရပ်ကွက်၊ ၂-လမ်း၊ အမှတ် -၈၆၁ ဟုခေါ်တွင်သော နှစ်(၆၀) ဂရန် မြေအမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်တိုက်၏ ဒုတိယအလွှာ၊ ခေါင်းရင်းခန်း(၁၂ x၅၀)ပေ အကျယ်ရှိတိုက်ခန်းသည် မြေရှင်ဘက်ခြမ်းမှ အကျိုးခံစားခွင့်ရှိသော တိုက်ခန်းဖြစ်ပြီး အဆိုပါတိုက်ခန်းအား မြေရှင်ထံမှ အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသော ဒေါ်ခင်သက်သက်လတ် (၁၀/သထန(နိုင်)၀၀၁၁၃၄) ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ယခုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်သီတာလှဲ့လှဲ့ထွန်း(LL.B)** | **ဦးသက်နောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်(၁၀၀၅၈/၂၉-၇-၂၀၁၄)** | **စဉ်(၁၄၃၃၄/၂၇-၄-၂၀၁၈)** |

**တိုက်-၉/၁၁၊ အခန်း-၀၀၅/B၊ ၃၆-လမ်း(တို) ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၄၀၈၁၅၈၅၊ ၀၉-၄၂၀၂၆၄၉၆၇၊ ၀၉-၂၅၄၃၀၉၄၉၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(ဒ-၆၃၁၀)၊ မြေရီယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်သီရိဇော် (ဘ) ဦးဇော်လွင် ၇/တငန(နိုင်)၁၁၈၀၈၅ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်သီရိဇော်ထံမှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲအပ်စာ အမှတ်(၂၀၈၃/၂၀၂၃)၊ ၁၀-၇-၂၀၂၃ ရရှိထားသူ ဒေါ်စုနှင်းဖြူ (ဘ)ဦးထွန်းမြဦး ၁၂/ရပသ(နိုင်)၀၄၂၅၇၄ မှ ဦးရဲညွှန့် (ဘ) ဦးအောင်ညွှန့် ၁၃/တကန(နိုင်)၀၄၄၄၃၈ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၅)၊ အောင်ဇေယျလမ်း၊ မြေကွက်အမှတ် (၁၁၆၂)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးနိုင်ရွှေ (LPA- ၀၀၂၀၄၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကေဇာယု (၇/သဝတ (ပြု) ၀၀၀၇၀၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးခွန်မောင်ချင် (၁၃/ဆဆန (နိုင်) ၁၃၄၀၄၆) က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/44609, SANYA 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဇော် ၁၀/ဘလန(နိုင်) ၀၁၃၅၉၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၈)၊ ဦးဖိုးလှိုင်(၄)လမ်း၊ မြေကွက်အမှတ်(၅၁၇)၊ ပေ(၄၀x၆၀)ရှိ၊ မြေချပါမစ်အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ဒေါ်သင်းသင်းနိုင် (၁၂/လမန(နိုင်)၀၂၄၉၈၈) အမည်ပေါက် မြေချပါမစ်မူရင်းနှင့်အတူ ဆက်စပ်စာချုပ် စာတမ်းမူရင်းတို့ဖြင့်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်သန်း (၉/မခန(နိုင်)၀၂၇၉၅၁)မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်း ချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက် စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြော်ငြာအပ်ပါသည်။ **ဝယ်ယူသူ ဦးမျိုးမင်းသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းထူး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) ဒေါ်သီတာမိုး LL.B အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၉၇၇၄၅၈၅၂၉**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ ကျိုက္ခမီလမ်း၊ အကွက်အမှတ်နှင့်အမည် ၇၅/ကွင်းရပ်၊ ဦးပိုင်အမှတ် ၉၈/စ၊ ဧရိယာ ၀ ဒသမ ၀၄၂ ဧကရှိမြေကို မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင် ဒေါ်သေးသေး အမည်ဖြင့် မှတ်သား တည်ရှိပါသည်။ ဒေါ်သေးသေးတို့ကွယ်လွန်ပြီးနောက် ၎င်း၏အမွေဆက်ခံသူဖြစ်သော ဦးကိုကိုနိုင်မှ မော်လမြိုင်မြို့စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ "ကျမ်းကျိန်လွှာ" မှတ်ပုံတင်စာချုပ်အမှတ် - ၄၉၇/၂၀၂၄ နှင့် "အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်-၄၉၈/၂၀၂၄ အရ တရားဝင်အမွေဆက်ခံထားပါသည်။ ထို့နောက် ဦးကိုကိုနိုင် သည် ၎င်းတရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားသော အထက်ဖော်ပြပါအိမ်နှင့်မြေကို ဒေါ်မိုးသီတာအား မှတ်ပုံတင်စာချုပ် အမှတ်-၅၀၂/၂၀၂၅ အရ မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်မိုးသီတာသည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သောအထက်ဖော်ပြပါမြေကွက်ကို၎င်း၏အမည်ဖြင့်အမည်ပြောင်းလဲပေးရန်လျှောက်ထား လာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဒေါ်မိုးသီတာမှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်း အပေါ် ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန ၊ မော်လမြိုင်မြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ မင်းရဲကျော်စွာ(၁၀)လမ်း၊ အမှတ်(၃၆၁)၊ တတိယထပ်(ခြေရင်းခန်း)၊ တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော သက်ဆိုင်သည့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ချောစုထွေး ၁၄/ငပတ(နိုင်) ၁၆၆၄၇၆ ထံမှ ကျွန်တော် ဦးဟန်ကျော်သိုက် ၁၂/လမန(နိုင်)၁၅၉၃၄၇ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးဟန်ကျော်သိုက်**
**ဖုန်း - ၀၉-၉၆၂၄၄၀၅၀၂**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ ကျိုက္ခမီလမ်း၊ အကွက်အမှတ်နှင့်အမည် ၇၅/ကွင်းရပ်၊ ဦးပိုင်အမှတ် ၉၈/ခ+၉၈/ဇ/၁၊ ဧရိယာ(၀ ဒသမ ၁၁၆ + ၀.၀၀၇ ) ဧကရှိမြေကို မော်လမြိုင်မြို့နယ်မြေစာရင်း ဦးစီးဌာန(၁-က)စာရင်းတွင် ဒေါ်နီလာကြည် အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်နီလာကြည်သည် မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် - ၅၀၃/ ၂၀၂၅ နှင့် ၅၀၄/၂၀၂၅ အရ ဒေါ်မိုးသီတာအား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်မိုးသီတာသည် ၎င်းတရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါမြေကွက်ကို ၎င်း၏အမည်ဖြင့် အမည် ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဒေါ်မိုးသီတာမှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်း အပေါ် ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆၄

| | | |
|---|---|---|
| ဒေါ်ကြည်ကြည်ဆွေ (၎င်း၏အခွင့်ရ ကိုယ်စားလှယ်ဒေါ်စံပါယ်) | နှင့် | ၁။ နော်ဒိုးနာမရဲလာ<br>၂။ ဦးတင်မျိုးကျော် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

အမှတ် (၇၉/စ^၁)မဥ္ဇူလမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေ (၂) တရားပြိုင် ဦးတင်မျိုးကျော် (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်မှတ်ပုံတင် ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ဦးလှိုင် )**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**အင်းစိန်ခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ရွာတန်းသဲကျွန်းအုပ်စု၊ ဥ သျှစ် ပင် ရွာ နေ (အ ဖ) ဦးဇော်ဝင်း+(အမိ)ဒေါ်စိုးစိုးမူ တို့၏ သမီး မပိုင်းစုခိုင်သိန်း ၉/ရမသ(နိုင်) ၂၅၄၀၇၇ ၏မွေးသက္ကရာဇ်အမှန်မှာ 3.4.2025 ဖြစ်ပါကြောင်း။

## ကုန်အမှတ်တံဆိပ် တုပခြင်းမပြုရန် အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဒေါ်နန်းခမ်းမိုးအေး (ဘ) ဦးစိုင်းစိန်အေး ၃/ဘအန(နိုင်)၁၆၉၃၆၃ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်အဖြစ် ထုတ်လုပ်သုံးစွဲရန် မြဝတီမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၂၄/၂၀၂၃)ဖြင့် ၁၁- ၁၀-၂၀၂၃ ရက်က မှတ်ပုံတင်သွင်း ကြေညာထားပြီးဖြစ်ပါသည်-



အထက်အမည်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် "သံဃာတော်များအသုံးပြုလျက်ရှိသော သင်္ကန်းပရိတ်ကွာရာ ရှစ်မျိုးအပါအဝင် အခြားသောဆက်စပ်ပစ္စည်းအမျိုးမျိုးတို့တွင်" ဖိနှိပ်ခြင်း၊ ကပ်နှိပ်ခြင်း၊ အသား တံဆိပ် ပြုလုပ်ခြင်းများပြုလုပ်ပြီး ထုတ်ကုန်များကိုတစ်ဦးတည်းအပိုင်အဖြစ် မြဝတီမြို့နယ်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ် ဖြန့်ဖြူးရောင်းချရန်အတွက် မှတ်ပုံတင်သွင်း ကြေညာထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်း ခမ်းမိုးအေး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ သံတူကြောင်းကွဲပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားအား ဖျက်ဆီးပြုပြင်၍ အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ်၍ ဖြန့်ဖြူးရောင်းချ ခဲ့ပါက ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းခမ်းမိုးအေး၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက် နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ချင်း (LL .B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၃၇၈၈ /၂၀၁၇**
**အိမ်အမှတ် (၄/၁၉၄၁)၊ ဝိဇေကာရာမကျောင်းလမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့၊ ဖုန်း - ၀၉-၇၉၈၇၄၈၇၂၈၊ ၀၉-၆၉၁၉၆၂၇၁**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အမက နောင်ပကျစ်တောင် ပေါ်ကျောင်းမှ မောင်စွမ်းတေဇာအောင် G-2 ၏ ဖခင်အမည်မှန်မှာ ဦးကြည်မင်း ၅/ဖပန(နိုင်)၀၈၅၆၂၇ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်မှန်

ဟုမ္မလင်းမြို့၊ အထက(၁) ကျောင်းမှ မောင်စိုင်းဇော်မင်းထွေး-G-12(F)၏ မွေးသက္ကရာဇ်မှန်မှာ ၁၉-၆-၂၀၀၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇/ဆင်ခေါင်းကြီး)၊ ကွင်း/အကွက်အမှတ် (၆၆၄/ဆင်ခေါင်းရွာကွင်း)၊ ဦးပိုင်အမှတ်(၃၅/၈-ဃ)၊ မြေဧရိယာ ၀ ဒသမ ၀၇ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကျော်ဇေယျ ၉/အမရ(နိုင်)၀၅၉၈၆၈ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စောထူးရယ်မူး ၁၂/မဘန(နိုင်)၀၃၂၀၀၆ ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်၊ လယ်ယာမြေပုံစံ(၇)၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၈^B)၊ ကွင်းအမည် ဆပ်သွားတောအရှေ့၊ ဦးပိုင်အမှတ်(၂၉/၁)၊ ဧရိယာ (၂.၈၂)ဧကမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးကြပါရန်။ **ဖုန်း-၀၉-၆၇၈၆၀၉၃၉၃**

## အမှားပြင်ဆင်ချက်

၁၉-၁၀-၂၀၂၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၃၁)ပါ "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"ဖြင့် တရားလွှတ်တော် ရှေ့နေ ဒေါ်မိုးမိုးမြင့် ကြေညာချက်တွင် စရန်ငွေပေးချေထားသည့် မြေကွက်၏ မြို့နယ်အမှန်မှာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မိုးမိုးမြင့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၃၅)**
**ဖုန်း - ၀၉-၂၆၂၆၃၈၀၀၉**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

မန္တလေးမြို့၊ ၂၃x၂၄ကြား၊ ၈၃လမ်း၊ အမှတ်(၁၂၉)နေ ဦးရဲလင်း (ဘ) ဦးမြမောင် ၁၂/ဗတထ(နိုင်)၀၄၆၅၄၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၇-ကွက်/ပုဏ္ဏားစုရပ်)၊ မြေကွက်အမှတ်(98)၊ ဦးပိုင်အမှတ် (၈၀)၊ မြေဧရိယာ ၀ ဒသမ ၁၆၇ဧကရှိ မြေကွက်မှာ ဂရန်အမှတ်ခွဲ အမှတ်(၀၈၁/ ၂၀၁၈-၂၀၁၉)ဖြင့် ဦးအောင်မြိုင် အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါ သည်။ အထက်ပါဧရိယာ ၀ ဒသမ ၁၆၇ဧကအတွင်းမှခွဲစိတ်၍ အနောက်ဘက် အခြမ်း လမ်းမျက်နှာစာ(၃၅)ပေ၊ အရှည် (၁၃၉)ပေ၊ နောက်ပိတ်(၃၃)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေပေါ်ရှိနေအိမ်အဆောက်အအုံ၊ မီတာအပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်များအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်မြိုင် ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါ သဖြင့် ရောင်းကြေးငွေအပေါ် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ဤကြေညာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးမီမီအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၅၇)**
**အမှတ်(၁၃၅၆)၊ ရွှေညောင်ပင်လမ်း၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၀၂၅၄၅၇၈၄**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ဃ/၁၂၅၇၊ Honda Blade 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝင်းမော် ၁၄/မအန(နိုင်) ၀၅၈၃၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇၈ဃ/၉၁၃၀၃၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးသော်ဇင်ဦး ၁၄/မအန(နိုင်)၁၈၅၂၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 17W/33617, Stream YMD 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်နိုင်အောင် ၁၄/ကကထ(နိုင်) ၁၄၇၁၄၀ မှ ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက်လျှောက်ထား လာပါသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 73W/55319, FOLLOW ME 125, M/C ယာဉ် လက်ဝယ်ရှိသူ ဦးစိုးမင်းထက် ၁၄/ဝခမ(နိုင်)၂၉၅၈၉၀ မှ ဖောင်းကြွ နံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာ ပါသည့်ရက်မှစ၍ ဖောင်းကြွ နံပါတ်ပြားအဟောင်းသည် အလို အလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ်(၇၄/၁၊ ရွှေ အိုက်ကွင်း)၊ ဦးပိုင်အမှတ်(၁၈၇၆)၊ မြေဧရိယာ(၀ဒသမ၂၃၀)ဧကရှိမြေကွက်သည် မူလက ဒေါ်မြဝေထွန်းအမည်ဖြင့် ယာယီလိုင်စင်မြေပေးမိန့် ရရှိထားသော မြေကွက် ဖြစ်ပြီး၊ ယာယီလိုင်စင်မြေပေးမိန့်ရရှိသူ ဒေါ်မြဝေထွန်းထံမှ ဦးသန်းထိုက် ထွေးက (၈-၆-၂၀၁၂)ရက်တွင်လည်းကောင်း၊ ဦးသန်းထိုက်ထွေးထံမှ ဒေါ်နာရဲ့နူး က (၁၅-၅-၂၀၁၇)ရက်တွင်လည်းကောင်း၊ ဒေါ်နာရဲ့နူးထံမှ ဒေါ်ခန်ထီးမေရီက (၇-၄-၂၀၂၃)ရက်တွင်လည်းကောင်း၊ ဒေါ်ခန်ထီးမေရီထံမှ ဒေါ်ယုယုထွေးက (၂-၁၀-၂၀၂၃)ရက်တွင်လည်းကောင်း၊ ဒေါ်ယုယုထွေးထံမှ ဒေါ်လုတောင်+ ဒေါ်နီမားဘူ+ဒေါ်အိအိဖြူတို့က (၁၅-၇-၂၀၂၄)ရက်တွင်လည်းကောင်း၊ ဒေါ်လု တောင်၊ ဒေါ်နီမားဘူ၊ ဒေါ်အိအိဖြူတို့ထံမှ ဒေါ်အမ်ရွှယ်ဆိုင်းက (၂၇-၉- ၂၀၂၄) ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့် ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ယခုအခါ ဒေါ်အမ်ရွှယ်ဆိုင်း ၁/မကန (နိုင်) ၀၀၀၃၆၃အမည်ဖြင့် မြေငှားဂရန်အသစ် ရရှိရေးအတွက် လျှောက်ထားလာ ခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြ နိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက် များနှင့် အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၈၄

ဒေါ်နန်းစန်းစန်းအေး **နှင့်** ဒေါ်သန်းသန်းဌေး
**(တရားလို)** **တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်တာဝါ(၂/အေ)၊ အခန်းအမှတ်-(၀၆၃/၇လွှာ)နေ (ယခုနေရပ်လိပ်စာ မသိသူ) တရားပြိုင်ဖြစ်သော ဒေါ်သန်းသန်းဌေး သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ (၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် ရုံးသို့သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် ဤ အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**(စုမွန်ထွေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၄)၊ မြေကွက်အမှတ်(၆၄)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဒေါ်ခင်စန်းတင့် ၁၂/ကမတ(နိုင်)၀၄၁၄၀၀ အမည်ပေါက် မြေချပါမစ်မြေမျိုးနှင့် ယင်းမြေမှတ်သားတည်ရှိရာ အမှတ်(၆၄)၊ လှော်ကားလမ်းနောက်ဘက်(၂)လမ်းမြောက်၊ (၁၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်စန်းတင့်ထံမှ ဦးဝေဖြိုးအောင် ၁၄/လပတ(နိုင်)၁၁၅၂၇၁ က ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းသဖြင့် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအောင်ဇင်မြင့်နှင့် ဒေါ်နီနီကျော်တို့၏ညွှန်ကြားချက်အရ-**

**ဒေါ်စုမြတ်မွန် (စဥ်-၁၄၉၁၈) LL.B တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၂/မြေညီ)၊ နတ်ချောင်း(၃)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၁၂၃၈၇၉၂**

## အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးတင်ဝင်း (၁၂/ဥကတ(နိုင်)၀၇၄၄၀၂) ၏ဇနီးဖြစ်သူ ဒေါ်သီတာအောင် (၆/သရခ(နိုင်)၀၅၃၂၇၈) သည် ကျွန်တော်မှ ကောင်းမွန်စွာရှာဖွေ လုပ်ကိုင်ကျွေးမွေးနေသည့်ကြားမှ နေအိမ်မှ အကြိမ်ကြိမ်ဆင်းခြင်းပြုလုပ်သည်ကို ကျွန်တော်မှ သည်းခံခွင့်လွှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

(၁၅-၁၀-၂၀၂၅) ရက်တွင် ဒေါ်သီတာအောင်သည် ၎င်းစိတ်သဘောအတိုင်း နေအိမ်မှထပ်မံဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်ဆက်နွှယ်သော ကိစ္စအဝဝတို့ကို ရှင်းလင်းပေးမည်မဟုတ်ကြောင်းနှင့် ဒေါ်သီတာအောင်နှင့် ပတ်သက်သောကိစ္စများအား ၎င်းနှင့်သာ ရှင်းလင်းရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝင်း ၁၂/ဥကတ(နိုင်)၀၇၄၄၀၂**
**အမှတ်(၇၁၀)၊ ဒါဘာ(အေ)၊ ငမိုးရိပ်(၃)လမ်း၊ အပိုင်း(၅)၊**
**ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်**

## ဦးအေးဝင်း (၁၂/ဗတထ(နိုင်)၀၄၈၈၃၃) နှင့်
## စာချုပ်စာတမ်းမူရင်းများကို လက်ခံထားသူ သိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေ(၂)လမ်း၊ တိုက်အမှတ် (၈၁၈/က)၊ (၅)လွှာနေ ဦးစောထွေးဝင်း ၁၂/ဗတထ(နိုင်)၀၄၈၈၂၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးစောထွေးဝင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေ(၂)လမ်း၊ တိုက်အမှတ်(၈၁၈/က)၊ (၅)လွှာ၊ အကျယ်အဝန်း (၁၈ပေx၅၅ပေ)ရှိ တိုက်ခန်း၏ပိုင်ရှင်ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် ၎င်းပိုင်ဆိုင်သည့်တိုက်ခန်းနှင့် ပတ်သက်သည့် စာချုပ်စာတမ်းမူရင်းများကို တိုက်ခန်းအတွင်းရှိ ဗီဒိုထဲ၌ ထည့်သွင်းသိမ်းဆည်းထားစဉ် ထိုစာချုပ်စာတမ်းမူရင်းများကို ၎င်း၏အစ်ကို ဦးအေးဝင်း ၁၂/ဗတထ(နိုင်)၀၄၈၈၃၃ မှ ယူဆောင်သွားပြီး အလွဲသုံးစားပြုထားကြောင်း စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သည့် တိုက်ခန်းနှင့်ပတ်သက်သည့် စာချုပ်စာတမ်းမူရင်းများ ယူဆောင်သွားသူ ဦးအေးဝင်းနှင့် လက်ခံထားသူအနေဖြင့် ကျွန်ုပ်မိတ်ဆွေထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပြန်လည်အပ်နှံပါရန်နှင့် လာရောက်အပ်နှံခြင်းမရှိပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစောထွေးဝင်း** | **ဒေါ်ထက်မြတ်စိုး (LL.B)** |
| **၁၂/ဗတထ(နိုင်)၀၄၈၈၂၉** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၃၀၇)** |
| | **ရုံးခန်းလိပ်စာ - အမှတ်(၁၁၂၂)၊ ပထမထပ်၊** |
| | **မြင်တော်သာလမ်း၊ ၂/တောင်ရပ်ကွက်၊** |
| | **သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း-၀၉-၂၅၂၄၀၄၄၈၉** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂)ရန်ကုန်
## (၃၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ (၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

(က) **အစမ်းလေ့ကျင့်မည့်ရက်** - ၂၃-၁၁-၂၀၂၅ ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်း

(ခ) **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** - ၂၄-၁၁-၂၀၂၅ ရက်(တနင်္လာနေ့) နံနက်ပိုင်း

၂။ (၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးတက္ကသိုလ် (၂) ရန်ကုန်မှ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်။

(က) ၂၀၂၅-ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း ဆေးလက်တွေ့ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့ အောင်မြင်ပြီးသူများ။

(ခ) နောက်ဆုံးအမ်ဘီဘီအက်စ်အပိုင်း(ခ)(၁/၂၀၂၃)(ပုံမှန်)သင်တန်းစာမေးပွဲ အောင်မြင်ပြီး အလုပ်သင်ဆရာဝန်တာဝန် (၁)နှစ်အပြည့်အဝ ထမ်းဆောင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တက်ရောက်ဘွဲ့ - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)

(ခ) အဝေးရောက်ဘွဲ့ - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် (အမျိုးသား-မြန်မာဝတ်စုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး-မြန်မာဝတ်စုံ)ဖြင့် လက်တလောရိုက်ကူးထားသော ( ၁ ၃/၂ "x၂")အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲလျက် ၂၇-၁၀-၂၀၂၅ ရက်မှ ၇-၁၁-၂၀၂၅ ရက်အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့်ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်သူများ အနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ(တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အပြည့်အစုံ)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနစိတ်၊ ဖုန်း-၀၉-၆၈၇၆၀၈၆၈၂၊ ၀၉-၆၈၇၀၀၇၇၂၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်းမြောက်ရပ်ကွက်၊ ရန်ပြေလမ်း၊ အမှတ်(၄)ဟု ခေါ်တွင်သော (၁)ခန်းတွဲ(၆)ထပ်တိုက် RC တိုက်အဆောက်အအုံ၏ အကျယ်အဝန်း(၂၄ ဒသမ ၅ ပေ x ၃၈ ပေ)ရှိ တတိယထပ်(၄)လွှာတိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ၁။ ဦးကျော်ထွန်း ၆/မအရ(နိုင်)၀၀၃၅၀၆၊ ၂။ ဒေါ်စီစီဆွေ ၆/မအရ(နိုင်)၀၂၁၄၈၃တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကိုပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာကျော် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၀၄)**
**ရုံးခန်းအမှတ်(၁၆၂)၊ ဒုတိယထပ်၊ စံပြ(၄)လမ်း၊**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၀၀၅၄၅၉၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အမှတ်-(၁၉)ရှိ အဆောက်အအုံ၏ ပထမထပ်(၂၃ပေx၅၅ပေ)အကျယ်အဝန်းရှိ တိုက်ခန်းအား ပိုင်ဆိုင်သူဖြစ်သည့် ဦးစိုးမြင့် ၁၂/စခန(နိုင်)၀၄၈၂၉၄ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာဝင်း ၁၂/ကမတ(နိုင်)၀၀၀၃၀၄ က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက မည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုခိုင်သွယ် (ခ) စိမ့်သဲစု (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၉၂၇၇)**
**အမှတ်(၅၅)၊ အခန်း(၁၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၆၉၃၅၃၀၅၇၉၊ ၀၉-၇၇၃၈၈၇၀၄၈**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ပညာရွှေရောင် ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-3 မှ မမြတ်နိုးအိမ်စည်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်းနိုင် ၉/ပဥလ(နိုင်)၀၇၇၅၈၃ ဖြစ်ပါသည်။

**ဖခင်အမည်မှန် - ဦးသိန်းထွန်းနိုင်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်မျိုးကျော် ၈/မလန(နိုင်)၁၃၈၉၄၅ ၏ ပတ်စ်ပို့နံပါတ် (MG-297362)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၁၉၄၄၈၆၁**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/7388 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/8358 Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလေး ၇/ပမန(နိုင်) ၁၅၇၂၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/40867 Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလွင် ၇/ရတန(နိုင်) ၁၀၅၇၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း
## အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/ အကွက်အမှတ်(၉/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၈၈၊ ၂၈၉)၊ မြေဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ပေါင်း၊ ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးမောင်မောင်တင့် ၉/မမန(နိုင်)၀၂၆၆၅၃ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည် ။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို (လုပ်ငန်းတစ်ရပ်လုံးတင်ဒါ) တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် ပြည်ထောင်စုမြန်မာနိုင်ငံသား လုပ်ငန်းအတွေ့အကြုံရှိသော လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံရယူရမည့်နေရာ** | - | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ် |
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၂၄-၁၀-၂၀၂၅ မှ ၇- ၁၁- ၂၀၂၅ ရက်အထိ (ရုံးချိန်အတွင်း) |
| **တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းတင်သွင်းရမည့်နောက်ဆုံးရက်** | - | ၇- ၁၁ -၂၀၂၅ ရက် (သောကြာနေ့) (၃:၀၀) နာရီအထိ |
| **တင်ဒါအာမခံကြေးပေးသွင်းထားသည့်PO Cheque မူရင်းတင်သွင်းရမည့်နေရာ** | - | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဒေသ(၁)၊ရန်ကုန်တိုင်းဒေသကြီးရုံး၊ သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ် |
| **လုပ်ငန်းတစ်ရပ်လုံးတင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** | - | ၁၁ - ၁၁ -၂၀၂၅ ရက် (၁၀:၀၀)နာရီ |

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိ လိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၊ ဒေသ(၁)၊ ရန်ကုန်တိုင်း ဒေသကြီးရုံး၊ ဖုန်း-၀၉-၄၀၁၈၆၃၂၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၄၄/စစ်တပ်ကုန်း)၊ ဦးပိုင်အမှတ်(၃/စ)၊ ဧရိယာ ၀ ဒသမ ၁၆၇ဧက၊ မြေငှားဂရန် အမှုတွဲအမှတ် ၉၂၉-၅/၂၀၁၆-၂၀၁၇၊ ဦးညီညီ၊ ၁၃/လရန(နိုင်)၀၁၇၅၀၄ ပါ (၃)ဦး အမည်ပေါက် မြေအနက်မှ ဧရိယာ ၀ ဒသမ ၀၈၄ဧကသည် လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀-၁၀-၂၀၂၃ရက်စွဲပါစာအမှတ် ၄/၆-၄(၀၁၀)/ ဦး ၄ (အထဥ)အရ ဦးမင်းသိန်း ၁၃/လရန(နိုင်)၁၀၃၆၆၃ အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရရှိပြီးဖြစ်ရာ ဦးပိုင်ခွဲစိတ်ခွင့်ရ မြေငှားဂရန်အသစ် လျှောက်ထားလာပါသဖြင့် လျှောက်ထားမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက် ၃၀ အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက မူလမြေငှားဂရန်အား ပယ်ဖျက်၍ ဦးမင်းသိန်း ၁၃/လရန(နိုင်)၁၀၃၆၆၃ အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရ မြေငှားဂရန်အသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အကွက်အမှတ် ၉/မြို့ဝမ်ရပ်၊ ဦးပိုင်အမှတ်(၅၆/၈၃)၊ ဧရိယာ ၀ ဒသမ ၂၈၃ ဧကရှိ အမှုတွဲအမှတ် ၅၉၆-၅/၂၀၁၃-၂၀၁၄(အေ)ဖြင့် ဒေါ်ဝမ်စန်ကွေး ၁၃/လရန(နိုင်)၀၅၇၉၀၉ အမည်ပေါက် မြေငှားဂရန်အား ဒေါ်ဝမ်စန်ကွေး၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံသူ ဒေါ်နန်းအေးနွမ်း ၁၃/လရန(နိုင်)၁၀၈၅၃၅ ထံမှ ဦးစိုင်းမျိုးသန့် ၁၃/နမတ(ဧည့်)၀၀၀၂၆၇မှ စာချုပ်အမှတ် ၄၊/၂၀၂၅ဖြင့် မြေကွက်၏ မြောက်ဘက်ခြမ်း ၀ ဒသမ ၁၃၂ ဧကရှိမြေအား ဝယ်ယူပြီးဖြစ်သဖြင့် ဦးစိုင်းမျိုးသန့်၏အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးစိုင်းသိန်းဇော် ၁၃/လရန(နိုင်)၁၂၉၆၂၇ မှ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် (၂၁)ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၆၂-က/တရုတ်ဘုရားကျောင်းကွက်)၊ ဦးပိုင်အမှတ်(၃၉၉/ခ)၊ ဧရိယာ ၀ ဒသမ ၀၆၃ဧက၊ မြေငှားဂရန် အမှုတွဲအမှတ် ၃၇၆-၅/၂၀၂၀-၂၀၂၁၊ ဦးကျော်မျိုးနိုင် ၁၃/လရန(နိုင်)၁၂၄၁၀၂ အမည်ပေါက် မြေငှားဂရန်အား ဦးကျော်မျိုးနိုင်မှ ထပ်မံအသစ် လျှောက်ထားလာပါသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှု တစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်(၃၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက မူလမြေငှားဂရန်အား ပယ်ဖျက်၍ ဦးကျော်မျိုးနိုင် ၁၃/လရန(နိုင်)၁၂၄၁၀၂ အမည်ဖြင့် မြေငှားဂရန် ထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၉)ရပ်ကွက်၊ အကွက်အမှတ်(၄/ရှမ်းခါးရိုး)၊ ဦးပိုင်အမှတ်(၄၄)၊ ဧရိယာ ၀ ဒသမ ၀၈၀ ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၉၇၀-၅/၂၀၁၈-၂၀၁၉၊ ဒေါ်ခင်လင်း ၁၃/လရန(နိုင်)၀၂၅၈၉၆အမည်ပေါက်မြေအနက်မှ ဧရိယာ ၀ ဒသမ ၀၂၇ ဧကအား ဦးအောင်ထွန်း ၁၃/လရန(နိုင်)၀၂၆၈၆၉မှ စာချုပ်အမှတ် ၁၁၃၊/၂၀၂၂ဖြင့်လည်းကောင်း၊ ဦးအောင်ထွန်းမှ ဒေါ်ခင်ဝင်းမြင့် ၁၃/လရန(နိုင်) ၁၃၉၂၁၈ သို့ စာချုပ်အမှတ်၊ ၅၉၈၊/၂၀၂၃ဖြင့်လည်းကောင်း အဆင့်ဆင့်ရောင်းချပြီးဖြစ်ပါ၍ ဒေါ်ခင်ဝင်းမြင့် မှ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာပါသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက မူလမြေငှားဂရန်အားပယ်ဖျက်၍ ဒေါ်ခင်ဝင်းမြင့် ၁၃/လရန(နိုင်)၁၃၉၂၁၈ အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အ.ထ.က(၁)၊ Grade -11 မှ မမျိုးဇင်မာနိုင်၏ ဖခင်အမည်မှန်မှာ ဦးသောင်းထိုက်ဦး ၁၄/ပသန(နိုင်)၂၂၂၀၁၂ ဖြစ်ပါသည်။

**ဖခင်အမည်မှန် - ဦးသောင်းထိုက်ဦး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာတိုးချဲ့ (အဆင့် ၁-ခ)၊ အောင်ချမ်းသာအိမ်ရာစီမံကိန်းအပိုင်း(၁)ရှိ မြေကွက်အမှတ် (၃၄)အား ဒေါ်ခင်စောဥမ္မာ (၁၂/မရက(နိုင်)၀၃၀၂၈၀) နှင့် ဦးကျော်ဒေဝ (၁၂/ဒဂန(နိုင်)၀၀၂၁၀၃) တို့မှ မြေငှားစာချုပ်(ဂရန်)ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃တိုးချဲ့)၊ မြေကွက်အမှတ်(၁၅၈)၊ ဇမ္ဗူရာဇ်ရွှေစင်လမ်း၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဦးသောင်း (ဘ)ဦးထွန်းမောင် (ISN-၃၂၄၅၅၆) အမည်ဖြင့် မှတ်သားထားရှိသည့် ပါမစ်မြေအမျိုးအစား မြေကွက်ကြီး အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် အမှတ်(၁၅၈)၊ ခေါင်းရင်းခြမ်း၊ (၁၀ပေx၆၀ပေ) မြေကွက်အား စာချုပ်စာတမ်းအဆက်စပ်ဖြင့် ယခုဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဒေါ်သင်းသင်းကြည် ၁၀/ပမန(နိုင်)၀၈၀၃၂၈ မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်အပြည့်အဝရှိသူဖြစ်ကြောင်း ရောင်းချရန်ဝန်ခံကတိပြုလာသည့်အတွက် ဒေါ်လဲ့မူ ၁၂/ဒဂမ(နိုင်)၀၁၄၆၇၆ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလင်းလင်းဖြိုး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၄၁/၃၁-၉-၂၀၂၃)**
**အမှတ်-၁၇၊ ငါးမာရ်အောင်ဘုရားလမ်းသွယ်၊ ၃၃-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၆၆၆၆၇၀၁၀၁၊ ၀၉-၂၆၃၄၄၅၃၃၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊အောင်ဆုပန်လမ်း၊မြေတိုင်းရပ်ကွက်အမှတ်၁၉၊မြေကွက်အမှတ်-၃၇၇/က၊ဧရိယာ(၀. ၀၃၁၇)ဧကရှိနှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်တို့ကိုအမည်ပေါက်သူ၁။ဒေါ်ထွေးထွေးခိုင်(၁၂/မရက (နိုင်) ၀၀၂၀၁၈)၊ ၂။ဒေါ်မျိုးသူသူခိုင်(၁၂/ဒဂတ(နိုင်) ၀၈၈၃၈၂) တို့ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်တို့ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားများနှင့်တကွဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါကမြေကွက်နှင့် အကျိုးခံစားခွင့်တရားဝင်အရောင်းအဝယ်ကိုဥပဒေနှင့်အညီအပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** ဦးတင်မောင်ဆွေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၅၂)
အမှတ်-၁၈၅၊ ပထမထပ်၊(ဝဲဘက်အခန်း)
၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉ ၅၀၀ ၄၇၇၅

## မွေးသက္ကရာဇ်အမှန်

ဦးသူရထွန်း၏ သမီး မြစ်ကြီးနားမြို့၊ အထက(၄)၊ Grade-5(B)တန်းမှ မမြမြင့်မိုရ်ထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၁၀-၂၀၁၄ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နေ မလင်းလက်ဖြူစင် ၁၃/လရန(နိုင်)၂၄၂၇၅၄ ၏ ဖခင်အမည် ဦးစိုးမင်းနှင့် ဦးစိုးစိုးမင်းနှင့် ဦးစိုင်းစိုးစိုးမင်း ၉/အမန(နိုင်)၀၉၄၉၆၈မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၆၃၅၂ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးချိုဝင်း ၉/ပမန(နိုင်)၀၂၃၇၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/5582, Mitsubishi Pajero V46, S/W(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးနန္ဒအောင်လှိုင် ၁၄/ပသန(နိုင်)၂၂၃၆၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ညှင်းသွန်းကျေးရွာနေ ဦးကြီးညို၏ သမီး မမြင့်မော် ၈/မလန(နိုင်)၁၀၆၁၇၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-979405)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၉၅၆၁၂၅၅**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်းအများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အမှတ်(NR-၂၃၆)နေ ကျွန်မ မနေနေကြွေ ၅/အတန(နိုင်)၀၈၂၁၁၈ နှင့် (ဘ)ဦးလောတုံ၏သား မောင်စိုင်းကိုကို ၁/မကန(နိုင်)၁၇၆၈၇၀ တို့သည် ၁၈-၇-၂၀၂၅ ရက်တွင် မြစ်ကြီးနားမြို့နယ် တရားရုံး၌ တရားဝင်ကွာရှင်း ပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနေနေကြွေ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန မန္တလေးပြည်သူ့ဆေးရုံကြီး အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ မန္တလေးပြည်သူ့ဆေးရုံကြီး၌ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် Level-2 အနီရောင်အဆင့်(ဖြိုဖျက်) ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံ (၂)လုံးတို့အား ဖျက်သိမ်းရောင်းချသွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ကုမ္ပဏီများမှ အိတ်ဖွင့်လေလံ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်-**
- ၂၃-၁၀-၂၀၂၅ ရက်(ကြာသပတေးနေ့)

**လေလံပိတ်မည့် ရက်နှင့်အချိန်**
- ၅-၁၁- ၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့ ) ညနေ( ၄ : ၀၀ နာရီ)

၃။ လေလံတင်ဖျက်သိမ်းရောင်းချမည့် အဆောက်အအုံ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန္တလေးပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**လေလံကော်မတီ**
**မန္တလေးပြည်သူ့ဆေးရုံကြီး**
**ဖုန်း-၂၀-၄၀၃၉၀၀၇**

## ဒဂုံတက္ကသိုလ် အဝေးသင် သင်တန်း (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဒဂုံတက္ကသိုလ် (အဝေးသင် သင်တန်း) ၂၀၂၄ ပညာသင်နှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကျင်းပခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါ ဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

၁။ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၉-၁၂-၂၀၂၅ရက်၊ (အင်္ဂါနေ့)

**နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ**

ဝိဇ္ဇာဘွဲ့ - မြန်မာစာ ၄မ-၁ မှ ၄မ-၄၀၀ အထိ၊ ဒဿနိကဗေဒ
သိပ္ပံဘွဲ့ - သင်္ချာ

**ညနေပိုင်း - မွန်းလွဲ ( ၂ : ၀၀ )နာရီ**

ဝိဇ္ဇာဘွဲ့ - မြန်မာစာ ၄မ-၄၀၁ မှ ၄မ- ၈၅၂ အထိ၊ အရှေ့တိုင်းပညာ
သိပ္ပံဘွဲ့ - ရူပဗေဒ

**(အစမ်းလေ့ကျင့်ရန် - ၄-၁၂-၂၀၂၅ ရက်၊ (ကြာသပတေးနေ့၊ နံနက်ပိုင်း (၉:၀၀)နာရီ)**

၂။ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁၀-၁၂-၂၀၂၅ရက်၊ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း - နံနက် (၉:၀၀)နာရီ**

ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ
သိပ္ပံဘွဲ့ - ဓာတုဗေဒ

**ညနေပိုင်း - မွန်းလွဲ (၂:၀၀)နာရီ**

ဝိဇ္ဇာဘွဲ့ - ပထဝီဝင်
သိပ္ပံဘွဲ့ - သတ္တဗေဒ

**(အစမ်းလေ့ကျင့်ရန် - ၄-၁၂-၂၀၂၅ရက်၊ (ကြာသပတေးနေ့)၊ မွန်းလွဲပိုင်း (၁:၀၀)နာရီ)**

၃။ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁၁-၁၂-၂၀၂၅ ရက်၊ (ကြာသပတေးနေ့)

**နံနက်ပိုင်း - နံနက် (၉:၀၀ )နာရီ**

ဝိဇ္ဇာဘွဲ့ - သမိုင်း ၄သ-၁ မှ ၄သ-၅၀၀ အထိ
သိပ္ပံဘွဲ့ - ရုက္ခဗေဒ

**ညနေပိုင်း - မွန်းလွဲ (၂:၀၀)နာရီ**

ဥပဒေဘွဲ့ - ဥပဒေပညာ
ဝိဇ္ဇာဘွဲ့ - သမိုင်း ၄သ-၅၀၁ မှ ၄သ-၉၁၂ အထိ၊ စိတ်ပညာ

**(အစမ်းလေ့ကျင့်ရန် - ၅-၁၂-၂၀၂၅ရက်၊ (သောကြာနေ့)၊ နံနက်ပိုင်း(၉:၀၀)နာရီ)**

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ဝတ်စုံ ငှားရမ်းခွင့်ထောက်ခံစာကို ၂၉-၁၁-၂၀၂၅ရက်မှ ၁-၁၂-၂၀၂၅ ရက်ထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

**(သန်းစိုးဦး)**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ဒဂုံတက္ကသိုလ်**

## လူပုဂ္ဂိုလ်တစ်ဦး တည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အ.မ.က မြတ်လေးချောင်းမှ ဒု-မူလတန်းပြဆရာမ ဒေါ်စန်းမမ ၁၄/ကကထ(နိုင်)၁၆၄၇၄၂ နှင့် ဒေါ်စမ်းမမသည် လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## (၇)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည့်ရက် အသိပေးကြေညာခြင်း

MD Bank (PCL) ၏ (၇)ကြိမ်မြောက် **နှစ်ပတ်လည်အထွေထွေအစည်းအဝေး**ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များအား ကြိုတင်အသိပေးအပ်ပါသည် -

**အစည်းအဝေးကျင်းပမည့်ရက်** - **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၃)ရက် (တနင်္ဂနွေနေ့)**
**အစည်းအဝေးကျင်းပမည့်အချိန်** - **နံနက်(၁၀:၀၀)နာရီ**
**အစည်းအဝေးကျင်းပမည့်နေရာ** - **Conference Room, MD Bank (PCL) Head Office No.(66/1), Kabaraye Pagoda Road, Mayangone Township, Yangon.**

MD Bank (PC) ၏ (၇)ကြိမ်မြောက် **နှစ်ပတ်လည်အထွေထွေအစည်းအဝေး**သို့ တက်ရောက်ရမည့် အစုရှယ်ယာရှင်များမှ ကိုယ်တိုင်မတက်ရောက်နိုင်ပါက လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် ကိုယ်စားဆန္ဒမဲပေးနိုင်ရန် အခြားသူတစ်ဦးဦးကို ကိုယ်စားလှယ် (Proxy) လွှဲအပ်ပေးရန်ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်သည့်ပုံစံကို အစည်းအဝေးဖိတ်စာနှင့်တကွ ပူးတွဲပေးပို့ပေးမည်ဖြစ်ပါသည်။

**နှစ်ပတ်လည်အထွေထွေအစည်းအဝေး**ကို အထမြောက်အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် တက်ရောက်ရမည့် အစုရှယ်ယာအရေအတွက်သည် အစုရှယ်ယာအားလုံး၏ (၂၀%)ပြည့်မီရန် လိုအပ်ပါသဖြင့် အစုရှယ်ယာရှင်များမှ ကိုယ်တိုင်သော်လည်းကောင်း၊ Zoom Online System ဖြင့်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့(ကိုယ်စား)**
**(သန့်ဇော်မျိုး၊ အတွင်းရေးမှူး)**

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် အမှတ်(၁၄)ရပ်ကွက်၊ စစ်ကွင်းရပ်နေ ဦးချစ်မောင်၏သမီး ဒေါ်နွယ်နွယ်ဝင်း ၈/ခမန(နိုင်)၂၂၃၉၇၅ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၆၉၇၃၅၀၀**

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ရေတွင်းကျေးရွာအုပ်စု၊ မြစ်ဖီးချိုပင်ရွာနေ ဦးဝင်းအောင်၏ သမီး ဒေါ်ကြည်လဲ့လဲ့ထွေး ၈/ခမန(နိုင်)၂၄၁၂၃၂ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၆၀၇၂၉၇၇**

## အမည်ပြောင်းခြင်း

(ဘ)ဦးဇော်လတ်၊ (အမိ) ဒေါ်လေးသူမြင့်တို့၏သား ICEC Grade-4 မှ မောင်ရှင်းခန့်လင်းအား မောင်ကောင်းခန့်လင်း နာမည်ပြောင်းလဲခြင်း။

**မောင်ကောင်းခန့်လင်း**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဘိုကုန်းကျေးရွာအုပ်စု၊ သာယာစုကျေးရွာနေ ဦးခင်သောင်း၏ သား မောင်နိုင်ရဲလင်း ၈/ တတက(နိုင်)၁၆၂၉၅၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-074815)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၃၄၇၆၀၃၆**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ မကျီးသုံးပင်ကျေးရွာအုပ်စု၊ မကျီးသုံးပင်ကျေးရွာနေ ဦးထွန်းဝေ၏သမီး မတိုးတိုးဝေ ၈/မဘန(နိုင်)၁၈၉၆၀၉၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၁၅၇၈၁၀၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ (ဘ)ဦးကျော်ကျော်မြင့်၏သား ပခုက္ကူတက္ကသိုလ်၊ သမိုင်း(နောက်ဆုံးနှစ်)မှ မောင်မင်းသန့်နိုင်(ခ)မောင်မင်းသန်းနိုင် ၈/ရစက(နိုင်)၁၉၂၉၇၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မင်းသန့်နိုင်(ခ)မင်းသန်းနိုင်**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အ.လ.က-ရွှေးကုန်းမှ မူလတန်းပြဆရာမ နမ့်စမ်းယုမော် ၁၄/ပသရ(နိုင်)၀၂၃၇၉၁ နှင့် ဒေါ်စမ်းယုမော်သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင် မန်းညိုအေးနှင့် ဦးညိုအေးမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။ **နမ့်စမ်းယုမော် (ခ) ဒေါ်စမ်းယုမော် ၁၄/ပသရ(နိုင်)၀၂၃၇၉၁**
**မန်းညိုအေး (ခ) ဦးညိုအေး**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမက ငုချောင်းမှ မူလတန်းပြဆရာမ ဒေါ်စန်းစန်းတင် ၁၄/ပသန(နိုင်)၀၃၂၆၂၃ နှင့် ဒေါ်စမ်းစမ်းတင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင် ဦးအေးသွင်နှင့် ဦးအေးသွယ်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဒေါ်စန်းစန်းတင် (ခ) ဒေါ်စမ်းစမ်းတင် ၁၄/ပသန(နိုင်)၀၃၂၆၂၃**
**ဦးအေးသွင် (ခ) ဦးအေးသွယ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/အောင်ဇမ္ဗူရှိ မြေကွက်အမှတ်(၁၅၇)၊ ဧရိယာ(၀.၁၆၃)ဧကအား အမည်ပေါက် ဦးတင်ဦး (ဘ)ဦးထွန်းရင် ၉/ပမန(နိုင်)၁၀၉၈၈၄ မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်(၁၁၇/၂၀၂၅)၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင်အသိသက်သေ(၃)ဦး သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၃၉၅၂)ကို အမည်ပေါက် ဒေါ်အေးလပြည့်ဝင်း(ဘ)ဦးတင်မောင်ဝင်း ၆/ထဝန(နိုင်)၀၇၇၆၄၇ မှ ဒေါ်မြတ်ဝတ်ရည်လွင်(ဘ)ဦးသန်းလွင် ၁၂/ဒဂမ(နိုင်)၀၀၈၇၁၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ အမှတ် (၁၅၆)နေ ဦးလေးမြင့် ၉/မရတ(နိုင်)၀၉၆၂၉၃ နှင့် (ဒေါ်ညွန့်ညွန့်) ၉/မရတ(နိုင်)၀၉၆၂၉၄ တို့၏သား ဦးအောင်မျိုး ၉/မရတ(နိုင်)၀၉၆၂၉၅ သည် မိဘအား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန်နှင့် ဆိုဆုံးမ၍မရအောင် အမြဲတစေ ပြုမူပြောဆိုလုပ်ဆောင်နေသည့်အပြင် မိဘ၏ဂုဏ်သိက္ခာကျဆင်းစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ဦးအောင်မျိုးနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝသည် ကျွန်တော်နှင့် လုံးဝမသက်ဆိုင် ပါကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလင်းရောင်ခြည် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်- ၅၃၆၈၃)**
**အမှတ်(၄)၊ တည်းခိုရေးစခန်း၊ မြေနီကုန်းရပ်ကွက်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၉၆၃၉၁၁၂၇၅**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ မြေသာဇီအရှေ့အကွက်၊ ဦးပိုင်အမှတ်(၁၄-ခ)၊ ဧရိယာ ၀ ဒသမ ၀၂၇ဧကအား ဒေါ်ခင်စိုး ၉/ကဆန(နိုင်)၀၂၆၅၆ မှ မြေငှားဂရန်(အသစ်) လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အဆိုပါမြေကွက်နှင့်ပတ်သက်သည့် တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျောက်ဆည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်သည်အထိ ကန့်ကွက်လာမှုမရှိပါက ဒေါ်ခင်စိုး ၉/ကဆန(နိုင်)၀၂၆၅၆၏ မြေငှားဂရန်(အသစ်) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ဆည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၁၂၅၊ မြေကွက်တည်နေရာအမှတ်-၁၂၅၊ မင်းရဲကျော်စွာလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြောက်(ဒေါ်နုနုထွဋ်(ခ)တင်မေထွဋ်) အမည်ပေါက်-နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား KMYT- 002722၊ဂရန်အမည်ပေါက် ဒေါ်နုနုထွဋ်(ခ)တင်မေထွဋ်(၅-၁၂-၂၀၀၁)တွင် ဒေါ်သန်းသန်းဌေးမှ ဝယ်ယူခဲ့ပြီး ၎င်းမှတစ်ဆင့် ဦးကျော်မင်းဟန်သို့ ၁၀-၁၁-၂၀၁၉ ရက်တွင် လွှဲပြောင်းရောင်းချခဲ့ပြီး ၎င်းမှတစ်ဆင့် ဦးမျိုးလွင်နှင့် ဒေါ်နိုင်နိုင်ဝင်း(တရားလို)များထံသို့ လွှဲပြောင်းရောင်းချခဲ့ပြီး ၎င်းမြေကွက်၏အမည်ပေါက် ဒေါ်နုနုထွဋ်(ခ)ဒေါ်တင်မေထွဋ်၊ ဒေါ်သန်းသန်းဌေးနှင့် ဦးကျော်မင်းဟန်တို့အား တရားပြိုင်ထားကာ ဦးမျိုးလွင်နှင့်ဒေါ်နိုင်နိုင်ဝင်းတို့မှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်တွင် တရားပြိုင်များအပေါ် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် တရားမကြီးမှု အမှတ်-၁၉၁/၂၀၂၃ ၏ (၂၀-၂-၂၀၂၄) ရက်တွင်ချမှတ်သည့် စီရင်ချက်၊ ဒီကရီ၊ တရားမဇာရီမှု အမှတ်-၅၄/၂၀၂၄ ၏ အမိန့်၊ ၇-၈-၂၀၂၄ ရက်စွဲပါ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ဘီလစ်ဒေါ်ခင်ရှုပလှိုင် ၇/ရကန(နိုင်)၀၆၂၂၆၄ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မိုးကောင်းမြို့၊ အရှေ့ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃/အရှေ့ရပ်)၊ ဦးပိုင်အမှတ်(၁၆၆)၊ မြေဧရိယာ ၀ ဒသမ ၁၂၁ဧကရှိ ဒေါ်သိန်းမြပါ(၂)ဦး အမည်ဖြင့် မြေငှားဂရန်ရရှိထားသော မြေနေရာအား ဦးအောင်ညွှန့် ၁/မကတ(နိုင်)၀၀၀၅၈၆- ဒေါ်စမ်းစမ်းမြင့် ၁/မကတ(နိုင်)၀၂၃၄၆၀ မှ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးကောင်းမြို့**

## ပြောင်းလဲခေါ်ဆိုရန်

မိုးညှင်းမြို့၊ အ.ထ.က(၃) Grade-7 မှ (ဘ) ဦးထွန်းသီ ၁/မညန(နိုင်)၁၀၁၆၀၉ ၏သမီး မစန္ဒီကျော်အား မစန်းအိလှိုင်ဟု ပြောင်းလဲခေါ်ဆိုရန်။

**မစန်းအိလှိုင်**

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အ.ထ.က နန်းမား၊ Grade-11(A) မှ မသန်းသန်းစိုး၏ ဖခင်အမည်မှန်မှာ ဦးဖိုးသေး ၅/ထခန (နိုင်)၀၆၇၇၄၄ ဖြစ်ပါကြောင်း။

**ဦးဖိုးသေး**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## အမရပူရခရိုင် တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၃

**ကွယ်လွန်သူ ဦးတင်ဦး၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ညောင်ပင်စောက်ကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးတင်ဦး၏ ကျန်ရစ်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ညောင်ပင်စောက်ကျေးရွာရှိ ညောင်ပင်စောက်ကွင်း၊ ကွင်းအမှတ်(၅၈၅)၊ ဦးပိုင်အမှတ်(၄၃)၊ ဧရိယာ ၀ ဒသမ ၂၃ ဧကရှိ ကိုင်းမြေ၊ ၎င်းကွင်းပေါ်ရှိ ဦးပိုင် အမှတ်(၄၄)၊ ဧရိယာ ၀ ဒသမ ၂၂ ဧကရှိ ကိုင်းမြေ၊ ၎င်းကွင်းပေါ်ရှိ ဦးပိုင်အမှတ်(၄၅)၊ ဧရိယာ ၀ ဒသမ၂၂ ဧကရှိ ကိုင်းမြေ၊ ၎င်းကွင်းပေါ်ရှိ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ ၀ ဒသမ ၂၀ ဧကရှိ ကိုင်းမြေ၊ ၎င်းကွင်းပေါ်ရှိ ဦးပိုင်အမှတ်(၇၁/၂)၊ ဧရိယာ ၀ ဒသမ ၅၃ ဧကရှိ ကိုင်းမြေ၊ ၎င်းကွင်းပေါ်ရှိ ဦးပိုင်အမှတ်(၇၃/၁)၊ ဧရိယာ(၁ဒသမ၃၁) ဧကရှိကိုင်းမြေ၊ ၎င်းကွင်းပေါ်ရှိ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ ၀ ဒသမ ၈၄ ဧကရှိ လယ်မြေများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်မြင့်မြင့်သန်းက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးတင်ဦး ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင်၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်)၌မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မြင့်မြင့်သန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( နန်းယုလွင် )**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**အမရပူရခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## ပျဉ်းမနားခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၃

| | | |
|---|---|---|
| ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက် | နှင့် | ၁။ ကီမိုကုမ္ပဏီလီမိတက် |
| (ယင်းကိုယ်စားလက်ထောက်မန်နေဂျာ | | ၂။ ဦးအောင်ညွှန့်လှိုင် |
| ဒေါ်မို့မို့ဟန်တင်) | | ၃။ ဦးလှသိန်း |
| (တရားလို) | | (တရားပြိုင်များ) |

ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရွာမရပ်ကွက်၊ လမ်းမကြီးလမ်း၊ အမှတ် (၃၉)နေ (၁) တရားပြိုင် ကီမိုကုမ္ပဏီလီမိတက်၊ (၂)တရားပြိုင် ဦးအောင်ညွှန့်လှိုင်နှင့် (၃)တရားပြိုင်ဦးလှသိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်(ယင်းကိုယ်စားလက်ထောက်မန်နေဂျာ ဒေါ်မို့မို့ဟန်တင်)က ချေးငွေအရင်းနှင့် အတိုးငွေရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ(၂၁) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန္ဒာသိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပျဉ်းမနားခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ပျဉ်းမနားခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ်- ၆၄

| | | |
|---|---|---|
| ကျေးလက်ဖွံ့ဖြိုးရေးဘဏ် လီမိတက် | နှင့် | ၁။ ကီမိုကုမ္ပဏီလီမိတက် |
| (ယင်းကိုယ်စားလက်ထောက်မန်နေဂျာ | | ၂။ ဦးအောင်ညွှန့်လှိုင် |
| ဒေါ်မို့မို့ဟန်တင်) | | ၃။ ဦးလှသိန်း |
| (တရားလို) | | (တရားပြိုင်များ) |

ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရွာမရပ်ကွက်၊ လမ်းမကြီးလမ်း၊ အမှတ်(၃၉)နေ (၁)တရားပြိုင် ကီမိုကုမ္ပဏီလီမိတက်၊ (၂)တရားပြိုင် ဦးအောင်ညွှန့်လှိုင်နှင့် (၃)တရားပြိုင်ဦးလှသိန်း (ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်(ယင်းကိုယ်စားလက်ထောက်မန်နေဂျာ ဒေါ်မို့မို့ဟန်တင်)က "ချေးငွေအရင်းနှင့် အတိုးငွေရလိုမှု"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာလ ၁၈ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန္ဒာသိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပျဉ်းမနားခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁)၊ ဦးပိုင်အမှတ် (၁)၊ ဧရိယာ ၁ ဒသမ ၄၀၄ ဧကနှင့် အကွက်အမှတ် (၅၉၀)၊ ဦးပိုင်အမှတ် (၃-က/၃)၊ ဧရိယာ ၀ ဒသမ ၁၈၇၈ ဧက၊ စုစုပေါင်း မြေချိန်ဧရိယာ ၁ ဒသမ ၅၉၁၈ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်များပေါ်တွင် ဆောက်လုပ်ထားသော Garden Condominium အတွင်းရှိ Tower(C)၊ (၁၁) လွှာ၊ အခန်းအမှတ်(၇)နှင့် ယင်းအခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်လျက်ရှိသူဟု အဆိုပြုသူ ဦးဇော်လှိုင်ထွန်း(ဘ)ဦးထွန်းလှိုင်၁၄/ဘကလ(နိုင်)၁၄၀၂၉၄ ထံမှ၁။ ဦးပြည့်ဖြိုးမောင်(ဘ)ဦးအေးဝင်းမောင် ၉/ပကခ(နိုင်)၀၂၁၃၆၁၊ ၂။ ဒေါ်စုစုလှိုင် (ဘ)ဦးအေးဝင်းမောင် ၉/ပကခ(နိုင်)၀၂၁၄၇၅ တို့မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပွင့်ရည်ဦး (ခ) ချောချော**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၈၉၉၉)**
**လမ်း ၆၀၊ ၂၇x၂၈ လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၂၀၄၇၇၊ ၀၉-၉၄၂၀၂၀၄၇၇**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/1696 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/8380 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/54043 Kamax-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသူရဖြိုး ၉/အမရ(နိုင်) ၁၆၇၂၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၄၈၃၂၂, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးခန့်ဇော် ၉/ကဆန(နိုင်) ၂၂၀၇၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၁

